ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၇၄) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၁၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ဧရာဝတီ(၁)၊ကျန်းမာရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာထွန်းလွင်၊ ကချင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးသိန်းလှိုင်၊စစ်ကိုင်း(၈)၊ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းဝင်း၊စစ်ကိုင်း(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်(တာဝန်)။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်(တာဝန်)။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်(တာဝန်)။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်(တာဝန်)။ ဗိုလ်မှူးစိုးမိုး၊ တပ်မတော်(တာဝန်)။ ဗိုလ်မှူးရဲဝင့်စိုး၊ တပ်မတော်(တာဝန်)။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်(တာဝန်)။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ကျန်းမာရေး။ ဦးသန်းမြင့် တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကျန်းမာရေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဦးကြည်ထွန်း၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁) နှင့် ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)တို့၏ အမျိုးသားလွှတ်တော် အစည်းအဝေး ရပ်နားပေးပါရန် အရေးကြီးအဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ အရေးကြီးအဆို (၂)စောင် ရောက်ရှိနေပါတယ်။ အရေးကြီးအဆိုများကို လုပ်ထုံးလုပ်နည်း အရ ယခု ဖတ်ကြားတင်ပြခိုင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်း က တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကြည်ထွန်း၊မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မိမိနယ်မြေ၊ မိမိမဲဆန္ဒနယ်ပြည်သူများ ရေဘေးအန္တရာယ် ကျရောက် သဖြင့် ကာကွယ်ရေးလုပ်ငန်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၂၀၁၅ ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ပါတီ အသီးသီးက လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေနဲ့ ကိုယ်စားလှယ်စိစစ်ရေးကိစ္စများ ဆောင်ရွက် နိုင်ရန် မကြာမီရောက်ရှိတော့မယ့် စည်းရုံးရေးကာလမှာလည်း မဲဆန္ဒနယ်အတွင်း ကွင်းဆင်းသွား ရောက် စည်းရုံးဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်အစည်းအဝေးကို ရပ်နားပေးနိုင်ရေး အဆို ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ မကြာမီရက်အတွင်းက မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီဖြစ်စဉ်ကို ခံစားခဲ့ရတဲ့ တိုင်း ဒေသကြီးနဲ့ပြည်နယ်များမှာ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့တဲ့အပြင် ထိခိုက်ပျက်စီးမှုများလည်း များစွာ ကြုံတွေ့ခဲ့ရပါတယ်။ ဒီလိုမြန်မာနိုင်ငံအနှံ့ ကြုံတွေ့ခဲ့ရတဲ့ သဘာဝဘေးဒုက္ခကြောင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ(၁၃)ရက်နေ့အထိ ရေဘေးသင့်အိမ်ထောင်စု (၂၉၀၄၃၃)စု၊ လူဦးရေ(၁၂၈၁၉၃၇)ဦး ရေဘေးသင့်ပြီး(၁၀၃)ဦးသေဆုံးခဲ့ကြောင်း ကြားသိခဲ့ရပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အတွင်းမှာလည်း ရေကြီးနစ်မြုပ်ပြီး ပွင့်ဖြူမြို့နယ်မှာ အိမ်ထောင်စု (၂၅၈၀၉)စု၊ လူဦးရေ (၁၁၅၄၇၈) ယောက်၊ စေတုတ္တရာမြို့နယ်မှာ အိမ်ထောင်စု (၂၂၁၉)စု၊ လူဦးရေ(၉၃၂၀)ယောက်အပါအဝင် မကွေး တိုင်းဒေသကြီးတစ်ခုလုံးမှာ အိမ်ထောင်စုပေါင်း (၄၄၃၇၀)စု၊ လူဦးရေ(၂၂၂၉၇၃)ယောက် ရေဘေး သင့်ပြီး အတိဒုက္ခရောက်ခဲ့ကြပါတယ်။

မကြာမီရက်ပိုင်းအတွင်းက သဘာဝအန္တရာယ်ကြုံတွေ့ခဲ့ရတဲ့ ဒေသများအတွင်းမှာ တချို့ နေရာတွေမှာ သွားလာမှု ယခင်ထက် အသင့်အတင့် အဆင်ပြေလာပြီလို့ဆိုနိုင်ပေမယ့် အချို့နေရာ တွေမှာ ယနေ့အချိန်ထိသွားလာရန် ခက်ခဲလျက်ရှိနေပါသေးတယ်။ မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ် ကို ကြုံတွေ့နေရတဲ့ တစ်နည်းအားဖြင့် ကြုံတွေ့နေခဲ့ကြရတဲ့ ပြည်သူများဟာ သဘာဝဘေးဒဏ် ကြောင့် ရုပ်ပိုင်းဆိုင်ရာများနဲ့ စိတ်ပိုင်းဆိုင်ရာအားနည်းမှုများကို ခံစားလျက် ရှိနေကြပါတယ်။ ဒီထဲမှာ တချို့ရေဘေးသင့်ပြည်သူများဟာ အသက်ဆုံးရှုံးခဲ့ကြတဲ့ မိသားစုဝင်များကြောင့် ပူဆွေးသောက ဖြစ်လျက်ရှိကြရပြီး တချို့မှာ အိုးအိမ်၊ လယ်၊ ယာ၊ ကျွဲ၊ နွားနဲ့ ပစ္စည်းများဆုံးရှုံး ပျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့ရတဲ့အတွက် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ရှိနေကြရပါတယ်။ ဒီအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့ ဒီလိုကြုံတွေ့နေရတဲ့ ရေဘေးသင့်ပြည်သူများကို အားပေးနှစ်သိမ့်ပြီး ပြည်သူတွေရဲ့ ဘဝရှင်သန်ရေးကို စီမံကိန်းတစ်ခုအနေနဲ့ ချမှတ်ပြီး ကာကွယ်ရေး၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ စေတနာရှင် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ မဲဆန္ဒနယ်ပြည်သူများက ရွေးချယ်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါတယ်။ မိမိတို့ မဲဆန္ဒနယ်အရ ပြည်သူများရေဘေးဒုက္ခ ကြုံတွေ့နေရတဲ့အချိန်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိမဲဆန္ဒနယ်ကို သွားရောက်ပြီး ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေတဲ့ အချိန်ကာလလည်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက လွှတ်တော်အစည်းအဝေးကို ဩဂုတ်လ (၁၀)ရက်နေ့ပြုလုပ်မယ့်အစား ဩဂုတ်လ(၁၈)ရက်နေ့ကို ပြောင်းရွှေ့ပေးခဲ့တဲ့အတွက် ရေဘေးအန္တရာယ်ကျရောက်ကြတဲ့ ပြည်သူများအတွက် ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အထိုက်အလျောက် ကျွန်တော်တို့လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ သို့သော်လည်း ရေဘေးဒုက္ခရောက်နေကြတဲ့ ပြည်သူများကို ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရှင်သန်လာစေရန်၊ ပျက်ဆီးသွားတဲ့နေအိမ်များကို ပြန်လည်ပြုပြင်ရန် ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိတို့မဲဆန္ဒနယ်က ပြည်သူများ ယခုကဲ့သို့ ရေဘေးဒုက္ခကြုံကြရတဲ့အချိန်မှာ ပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ဒေသမှာရှိနေပြီး အနီးကပ်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ၂၀၁၅ ခုနှစ်၊ ပါတီစုံရွေးကောက်ပွဲကာလဟာ နီးကပ်ပြီး နီးကပ်လို့ လာလျက်ရှိပါတယ်။ ပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေနဲ့ ကိုယ်စားလှယ်စိစစ်ရေးကိစ္စများ ဆောင်ရွက်ရန်လည်းရှိပါတယ်။ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကွင်းဆင်းသွားရောက်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရမယ့် အချိန်ကာလဟာလည်း မကြာမီမှာ ရောက်ရှိတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းများမှာ ယခုအချိန်မှာ လွန်စွာများပြားလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရေဘေးဒုက္ခသည်များအား ကာကွယ်ရေးလုပ်ငန်း၊ ကယ်ဆယ်ရေးလုပ်ငန်းနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အနီးကပ်လုပ်ဆောင်ပေးနိုင်ရန်နှင့် ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဆောင်ရွက်ရန်ရှိသည်များ လုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်အစည်းအဝေးကို ရပ်နားပေးနိုင်ပါရန် ရေဘေးရင်ဆိုင်ကြုံတွေ့ရသူ မဲဆန္ဒရှင်များအကျိုးငှာ လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးနိုင်းခင်းပေါင်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ထွန်း၏ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မိမိမဲဆန္ဒနယ်ရှိ ပြည်သူများရေဘေးအန္တရာယ်ကျရောက်သဖြင့် ကာကွယ်ရေးလုပ်ငန်း၊ ကယ်ဆယ်ရေးလုပ်ငန်းများနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်နဲ့ ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင်

ပါဝင်ယှဉ်ပြိုင်မယ့် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများအနေဖြင့် ကိုယ်စားလှယ် စိစစ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မကြာမီရောက်ရှိတော့မယ့် စည်းရုံးရေး ကာလတွင် မဲဆန္ဒနယ်အတွင်း ကွင်းဆင်းသွားရောက်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော် အစည်းအဝေး ရပ်နားပေးရန်အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးနိန်းခင်းပေါင်မှ လေးလေးနက်နက် ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ နောက်ထပ် အရေးကြီးအဆို တစ်စောင်ဖြစ်တဲ့ အကြောင်းအရာတူ ကိစ္စပဲ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ ဝင်းမြင့်အောင် တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ အနှံ့အပြားမှာ ဇူလိုင်လနဲ့ ဩဂုတ်လ အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်းများကြောင့် မြစ်ရေကြီးမှုများ၊ ရေတိုက်စားမှုများကြောင့် လူနှင့်တိရစ္ဆာန်များ သေဆုံးခြင်း၊ ရေနစ်မြုပ်ခြင်း၊ အိမ်များမျောပါခြင်း၊ အိမ်များ ပြိုကျခြင်း၊ တောင်များပြိုဆင်းကျခြင်း၊ နွံများပိတ်ဆို့ခြင်း၊ စိုက်ပျိုးပြီးသီးနှံများပျက်ဆီးခြင်း၊ ပျိုးထောင်ထားသော စပါးပျိုးခင်းများ ပျက်ဆီးခြင်း၊ အင်း၊ အိုင်များ ကောသွားခြင်းစတဲ့ ဘေးဒုက္ခများ ကျရောက်ခဲ့ရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို အရေးပေါ် သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ ဒေသများအဖြစ် အမိန့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အလားတူ လွှတ်တော်အစည်းအဝေးများကိုလည်း ရက်ရွှေ့ဆိုင်းခဲ့ရပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း နောက်ဆုံးနေ့ရက်ကို ရက်တိုး သတ်မှတ်ခဲ့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များကလည်း မိမိတို့ မဲဆန္ဒနယ်မြေမှာ မြစ်ရေကြီးခြင်း၊ ရေလျှံခြင်း ဘေးအန္တရာယ် ကကာကွယ်ရန် ပြည်သူနဲ့အတူလက်တွဲဆောင်ရွက်ခဲ့ရပါတယ်။ သဲများစုဆောင်းခြင်း၊ အိတ်ခွံများ စုဆောင်းခြင်း၊ ပါတီနဲ့ပြည်သူပူးပေါင်းပြီး သဲအိတ်များထည့်ခြင်း၊ သယ်ခြင်း၊ စီတန်းကာရံခြင်း၊ ကမ်းပါးမပြိုရန် တုတ်ရိုက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြရပါတယ်။ဒါ့အပြင် ရေနစ်မြုပ်မှုကြောင့် ဘေးဒုက္ခ ရောက်နေကြသူများနဲ့ ကျွဲ၊ နွား တိရစ္ဆာန်များကို ရေလွတ်ရာ ရွှေ့ပြောင်းပေးခြင်း၊ ထမင်းထုပ်၊ ခေါက်ဆွဲခြောက်များ၊ မုန့်နှင့်ရေသန့်များ လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပြုခြင်းတို့ကို လည်းဆောင်ရွက်ခဲ့ကြပါတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းတွင် ကလေးခရိုင်၊ တမူးခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်တို့ဟာ ရေကြီးနစ်မြုပ်မှုဒဏ် အများဆုံး ခံခဲ့

ကြရပါတယ်။ ကလေးမြို့ဟာ ချင်းပြည်နယ်မှ စီးဆင်းလာတဲ့ရေနဲ့ နုန်းများ၊ ဒိုက်များကြောင့်ရေကြီးမှု အဆိုးဝါးဆုံး ခံစားခဲ့ရပါတယ်။ စစ်ကိုင်းတိုင်းမှ ပါတီလူငယ်များဟာ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများကို ကျွန်တော်ဦးဆောင်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြပါတယ်။ ဆက်လက်လည်း လုပ်ဆောင်ရန်အများကြီးကျန်ရှိနေပါသေးတယ်။ ဒါကြောင့် ဒုတိယအသုတ် ထပ်မံစေလွှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဘေးသင့်ပြည်သူများဟာ မိမိတို့ရဲ့ အိုးအိမ်များ၊ ပစ္စည်းများ၊ ဆန်စပါး၊ ပဲ၊ ပြောင်းများ၊ ကျွဲ၊ နွား တိရစ္ဆာန်များ ဆုံးရှုံးရတဲ့ဒဏ်၊ ကိုယ်ပင်ပန်းမှုဒဏ်၊ တွေ့ကြုံခဲ့ရတဲ့ ဘေးဒုက္ခကြောင့် ရရှိခဲ့တဲ့ စိတ်ဒဏ်ရာများကြောင့် ယခုတိုင် မကျန်းမမာ ဖြစ်လျက်ရှိနေကြပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ မဲဆန္ဒရှင်များ၊ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများနဲ့အတူ အေးအတူပူအမျှ ရှိနေသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဆောင်ရွက်ပေးဖို့လည်း ကျွန်တော်တို့ အထူး လိုအပ်လျက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ယခုကျင်းပဆဲ (၁၂)ကြိမ်မြောက် အမျိုးသားလွှတ်တော် အစည်းအဝေးကြီးကို ရပ်နားပေးပါရန် ရိုသေလေးစားစွာဖြင့် အရေးကြီးအဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။ တိုတိုရှင်းရှင်း ထောက်ခံတယ် မထောက်ခံဘူးပြောရင် ရပါတယ်။ ဆွေးနွေးဖို့ မရှိပါဘူး။

**အချိန်၊ ၁၀း၂၄။**

**ဦးဝင်းတင့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေ(၄) ဒေါက်တာဝင်းမြင့်အောင် တင်သွင်းသည့် အရေးကြီးအဆိုဖြစ်တဲ့ (၁၂)ကြိမ်မြောက် အမျိုးသားလွှတ်တော် အစည်းအဝေးကြီးကို ရပ်နားပေးပါရန် အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေ(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်မှ ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးအဆိုနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ ၁၃၃ မှာ ပြဋ္ဌာန်းထားတာရှိပါတယ်။ ၁၃၃ (ခ) ဥက္ကဋ္ဌသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ(က)ပါ စည်းကမ်းချက်များနှင့် ညီညွတ်သည်ဟု ယူဆလျှင် (၁)မေးခွန်းများ မေးမြန်းဖြေကြားပြီးသည့်နောက်တွင်ဖြစ်စေ၊ ထိုနေ့အတွက် အစီအစဉ်တွင် ဖော်ပြထားသောကိစ္စရပ်များကို မစတင်မီဖြစ်စေ၊ ယင်းအဆိုကို လွှတ်တော်သို့ ဖတ်ပြရမည်။ ဒီကိစ္စကတော့ ပြီးပါပြီ။ (၂) ထိုနေ့အတွက် သတ်မှတ်ထားသော အစည်းအဝေး အစီအစဉ်ကို မွန်းလွဲ (၀၃း၃၀)အချိန်တွင် ရပ်ဆိုင်း၍ အရေးတကြီးအဆိုကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် လွှတ်တော်က သဘောတူသည်ဟု ယူဆရမည်။ ထို့နောက် အစည်းအဝေး၏ မူလအစီအစဉ်ကို ထိုနေ့အတွင်း အချိန်သတ်မှတ်၍

ရွေ့ဆိုင်း နိုင်သည်။ သို့မဟုတ် သီးခြားသတ်မှတ်သောရက်တစ်ရက်ကို ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ သတ်မှတ်ရွှေ့ဆိုင်းလိုက်သည့် နေ့၊ ရက်နှင့် အချိန်တွင် ယင်းအဆိုကို ဆွေးနွေးစေရမည်။ (ဂ) ဤအဆိုကို ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရလျှင် (၁၅)မိနစ်ထက်ပို၍ ဆွေးနွေးခြင်းမပြုရဆိုပြီး ပြဋ္ဌာန်းထားတာရှိပါတယ်။

အခု အရေးကြီး အဆိုနှစ်ခုဟာ အကြောင်းအရာ ထပ်တူဖြစ်တဲ့အတွက် တပေါင်းတည်း ဆောင်ရွက်မယ်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ အမျိုးသားလွှတ်တော်က အခုနေ့တစ်ဝက်၊ နေ့တစ်ဝက်ပဲ ကျင်းပမှာဖြစ်ပါတယ်။ နေ့လယ်ပိုင်းတွေမှာ ပြည်ထောင်စုလွှတ်တော် ကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီမနက်ပိုင်းအစီအစဉ်ပြီးခါနီးမှာ ဒီအဆိုနှစ်ရပ်ကို တပေါင်းတည်း လက်ခံဆွေးနွေးရန် သင့်/မသင့် မဲခွဲပါမယ်။ မဲခွဲပြီးတော့ မနက်ဖြန်မနက် အစည်းအဝေး စတင်လျှင် စတင်ချင်း ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းကို ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော တစ်လင်တစ်မယား စနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးတင်ယု (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ပြန်လည်ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅ - ၅၁၂

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ၁၃ ရက်

၁။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၇-၂၀၁၅ ရက်နေ့တွင် အစီရင်ခံစာတင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းကို မကွေးတိုင်းဒေသကြီး၊

မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့် က အကြံပြု ဆွေးနွေးခဲ့ပါသည်။ ယင်းအကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၂-၈-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်နှင့် ၁၂-၈-၂၀၁၅ ရက်နေ့တွင် ပြန်လည်ကြားနာသည့် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ဤဥပဒေကြမ်း မူလပြဋ္ဌာန်းထား သည့် ရည်ရွယ်ချက်နှင့် ဆန့်ကျင်သည့် အကျိုးသက်ရောက်မှုများ ရှိနိုင်ခြင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေများ၊ ရာဇသတ်ကြီး ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေတို့နှင့် ဆီလျော်မှုရှိစေရန် စီစဉ်ဆောင်ရွက် ရန် လိုအပ်ခြင်းတို့ကြောင့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူလိုပါကြောင်း တင်ပြ ဆွေးနွေးခဲ့ပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတိုင်း သာ ဆက်လက်အတည်ပြုသင့်ကြောင်း သဘောထားရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်က အတည်ပြုသည့်အတိုင်းသာ ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်းနှင့် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်၏ တင်ပြချက်များနှင့် စပ်လျဉ်း ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

သို့ရာတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့် က ဤ ဥပဒေကြမ်းသည် မူလပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက်နှင့် ဆန့်ကျင်သည့် အကျိုးသက်ရောက်မှုများ

ရှိနိုင်ခြင်း၊ မြန်မာ့ခလေ့ထုံးတမ်းဥပဒေ၊ ရာဇသတ်ကြီး ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေတို့နှင့် ဆီလျော်မှုရှိစေရန် စီစဉ်ဆောင်ရွက်ရန် လိုအပ်ခြင်းတို့ကြောင့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူလိုပါကြောင်း တင်ပြထားပါတယ်။

ဒါကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ကို အခြေခံပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိမှာ ဖြစ်ပါတယ်။ ကန့်ကွက်မဲများလျှင်၊ ဦးအောင်ကြည်ညွန့် ရဲ့ အဆိုအတိုင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ အဆိုအပေါ် ထောက်ခံ ( ၁၄၆) ၊ ကန့်ကွက်( ၁၃)၊ ကြားနေ( ၆ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းသည် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၁။**

ဥက္ကဋ္ဌ။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက တစ်ပိုဒ်ချင်း တင်ပြပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီ ကိုယ်စား ဥပဒေကြမ်းကော်မတီ၊ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တစ်ပိုဒ်ချင်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဖို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ဥပဒေအမည်

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးဖို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်

အခန်း(၁)၊ အခန်းခေါင်းစဉ်၊

အခန်း (၁)

အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

အမည်

၁။ ဤဥပဒေကို အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

သက်ဆိုင်ခြင်း

၂။ (က) ပုဒ်မခွဲ(ခ)ကို အထောက်အထားပြု၍ အနုညာတ သဘောတူညီချက် တစ်ရပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည် ဖြစ်စေ အနုညာတ စီရင်ဆုံးဖြတ်မှုကို ဥပဒေအရ တရားဝင်ဆောင်ရွက်သည့်နေရာသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖြစ်သည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(ခ) အနုညာတ စီရင်ဆုံးဖြတ်သည့် နေရာသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှအပ အခြားနိုင်ငံတစ်ခုခုတွင်ဖြစ်ပါက သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်သည့်နေရာကို သတ်မှတ်ထားခြင်း သို့မဟုတ် ဆုံးဖြတ်ထားခြင်း မရှိပါက ပုဒ်မ ၁၊ ၂၊ ၁၀၊ ၁၁၊ ၃၀၊ ၃၁ နှင့် အခန်း (၁၁) တို့နှင့် သက်ဆိုင်စေရမည်။

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်တွင် အငြင်းပွားမှုများကို ဖြေရှင်းနိုင်သည့် ပြဋ္ဌာန်းချက်များရှိပါက ဤဥပဒေနှင့် မသက်ဆိုင်စေရ။

အဓိပ္ပာယ်ဖွင့်ဆိုချက်

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) နိုင်ငံတော် ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) အနုညာတသဘောတူညီချက် ဆိုသည်မှာ ပဋိညာဉ် အရဖြစ်စေ၊ ပဋိညာဉ်အရ မဟုတ်သည်ဖြစ်စေ၊ ဥပဒေနှင့် ညီညွတ်သော ဆက်စပ်မှုများအကြားမှ ပေါ်ပေါက်ခဲ့သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတ စီရင်ဆုံးဖြတ်မှုခံယူရန် အငြင်းပွားသူများက စာဖြင့် ရေးသားထားသော သဘောတူညီချက်ကို ဆိုသည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုသည်မှာ အနုညာတ စီရင်ဆုံးဖြတ်မှုနှင့် စပ်လျဉ်းသော အငြင်းပွားမှုကို တစ်ဦးတည်းသော ခုံသမာဓိ သို့မဟုတ် ခုံသမာဓိ အဖွဲ့ဖြင့် စီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။

(ဃ) (၁) အနုညာတ သဘောတူညီချက်ကို ပြုလုပ်စဉ်အခါက ထိုသဘောတူညီချက်တွင် ပါဝင်သူ တစ်ဦးဦး၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းသည် မြန်မာနိုင်ငံမှ တစ်ပါး အခြားနိုင်ငံ တစ်ခုခု၌ တည်ရှိပါက

(၃) ကူးသန်းရောင်းဝယ်ဆက်ဆံမှုပြုသည့် လုပ်ငန်း တာဝန်များအနက်

**ဥတ္တဌ**။ ။သို့မဟုတ်၊ သို့မဟုတ် ကျန်နေတယ်။ တည်ရှိပါက သို့မဟုတ်

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ တည်ရှိပါက သို့မဟုတ်၊ အပိုဒ်ခွဲငယ်(၃)ကိုတင်ပြပါ့မယ် ခင်ဗျာ။

သို့မဟုတ်

(၃) ကူးသန်းရောင်းဝယ်ဆက်ဆံမှုပြုသည့် လုပ်ငန်း တာဝန်များအနက် အဓိက တာဝန် တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်နေရာ သို့မဟုတ် အငြင်းပွားသည့် အကြောင်းချင်းရာနှင့် အနီးကပ်ဆုံး ဆက်စပ်နေသည့် နေရာသည် သဘောတူညီချက်တွင်ပါဝင်သူတို့၏ စီးပွားရေးလုပ်ငန်း တည်ရှိရာနိုင်ငံ၏ ပြင်ပတွင် တည်ရှိပါက

သို့မဟုတ်

(၄) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာသည် တစ်နိုင်ငံထက်ပိုသော နိုင်ငံများနှင့် ဆက်စပ်နေကြောင်း အနုညာတ သဘောတူညီချက်တွင် ပါဝင်သူများက အတိအလင်းသဘောတူညီကြခြင်းဖြစ်ပါက အဆိုပါ အနုညာတ စီရင်ဆုံးဖြတ်ခြင်းသည် နိုင်ငံတကာ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။

(ည) နယူးယောက်ကွန်ဗင်းရှင်း ဆိုသည်မှာ ကမ္ဘာ့ ကုလသမဂ္ဂ သံတမန် ညီလာခံက ၁၀-၆-၁၉၅၈ ရက်နေ့တွင် နယူးယောက်မြို့၌ ချမှတ်ခဲ့သော နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့်အတည်ပြု ဆောင်ရွက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း ကို ဆိုသည်။

(ဋ) နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက် ဆိုသည်မှာ နိုင်ငံတော်မှအပ နယူးယောက် ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေဒေသအတွင်း အနုညာတ သဘောတူညီချက်အရ ပြုလုပ်သော အနုညာတ ဆုံးဖြတ်ချက်ကို ဆိုသည်။

(ဌ) အငြင်းပွားသူ ဆိုသည်မှာ အနုညာတ သဘောတူညီချက်တွင် ပါဝင်ချုပ်ဆိုထားသည့် စာချုပ်ဝင်ကို ဆိုသည်။

(ဎ) တရားဝင်ကိုယ်စားလှယ်ဆိုသည်မှာကွယ်လွန်သူ၏ ပစ္စည်းများအတွက် ဥပဒေနှင့်အညီ ပါဝင်လာသူကို ဆိုသည်။ ယင်းစကားရပ်တွင် ကွယ်လွန်သူ၏ ပစ္စည်းတွင် ကြားဝင်ဆောင်ရွက်သူ ပါဝင်သည့်အပြင် အငြင်းပွားသူတစ်ဦးက ကိုယ်စားပြုဆောင်ရွက်သည့်အခါ ယင်းအငြင်းပွားသူ ကွယ်လွန်လျှင် ပစ္စည်းကို ဆက်ခံရရှိမည့်သူလည်း ပါဝင်သည် တင်ပြပါ အပိုဒ် အပိုဒ်ခွဲများကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ယခု တင်ပြသွားတဲ့ ပြင်ဆင်ဖြည့်စွက်ချက် ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ အစု ခေါင်းစဉ်၊ အပိုဒ် ၂(က)(ခ)(ဂ)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဈ)(၁)(၃)(၄)(ည)(ဋ)(ဍ)(ဎ) ပြင်ဆင် ဖြည့်စွက် ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ အစုခေါင်းစဉ်၊ အပိုဒ် ၂(က) (ခ)(ဂ)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဈ)(၁)(၃)(၄)(ည)(ဋ)(ဍ)(ဎ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၀း၃၇။**

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်များကို တင်ပြပါမယ်။

အခန်း(၂)

ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်တွင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် နိုင်ငံတကာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုတို့ကို မျှတ စွာနှင့် ထိရောက်စွာ ဖြေရှင်းနိုင်ရန်၊

(ခ) အငြင်းပွားမှုများအား အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အတည်ပြု ဆောင်ရွက်ရန်၊

(ဂ) အငြင်းပွားမှု ပြဿနာများအား အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အားပေးရန် ဟု ဖြည့်စွက်ထားပါတယ်။

တင်ပြပါ အပိုဒ် အပိုဒ်ခွဲများကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါ ရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)(ဂ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်။ ၁၀း၃၉။**

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် အဆိုပြုချက်

အခန်း (၃)

ယေဘုယျပြဋ္ဌာန်းချက်များ

၅။ (က) အငြင်းပွားသူများက အခြားနည်း

**ဥက္ကဋ္ဌ။** ။စာဖြင့်အကြောင်းကြားမှုကိုလက်ခံခြင်းဆိုတာပါသေးတယ် မဟုတ်လား အပေါ်က။

**ဒေါက်တာမြတ်ဉာဏစိုး( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ခေါင်းစဉ်ခွဲရှိပါတယ် ခင်ဗျာ။ ခေါင်းစဉ်ခွဲက ပြင်ဆင်ထားခြင်းမရှိပါဘူး။ တင်ပြပါ့မယ် ခင်ဗျား။

စာဖြင့် အကြောင်းကြားမှုကို လက်ခံခြင်း

၅။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်း မရှိလျှင် -

(၁) လိပ်စာရှင်ကိုယ်တိုင်ထံဖြစ်စေ၊ လိပ်စာရှင်၏ လုပ်ငန်း တည်ရှိသည့် နေရာသို့ဖြစ်စေ၊ အမြဲနေထိုင်သည့်နေရာ သို့မဟုတ် စာတိုက် လိပ်စာသို့ဖြစ်စေ အကြောင်းကြားစာပေးပို့လျှင် ထိုသို့ပေးပို့သည့်နေ့တွင်စာဖြင့် အကြောင်းကြားမှုကို လက်ခံရရှိပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) သင့်လျော်သော စုံစမ်းမှုပြုလုပ်ပြီးနောက် ပုဒ်မခွဲငယ်(၁)တွင် ဖော်ပြထားသည့် နေရာများထဲမှ မည်သည့်နေရာ တစ်ခုကိုမျှ ရှာဖွေမတွေ့ ရှိနိုင်လျှင် မှတ်ပုံတင်စာဖြင့် သို့မဟုတ် ပေးပို့ကြောင်း အထောက်အထား မှတ်တမ်းဖြစ်စေမည့် အခြားနည်းလမ်းဖြင့် နောက်ဆုံး သိရှိရသော လိပ်စာရှင်၏ လုပ်ငန်း တည်ရှိသည့်နေရာသို့ဖြစ်စေ၊ အမြဲနေထိုင်သည့် နေရာသို့ ဖြစ်စေ၊

စာတိုက်လိပ်စာသို့ဖြစ်စေ အကြောင်းကြားစာ ပေးပို့လျှင် ထိုသို့ ပေးပို့သည့် နေ့တွင် စာဖြင့်အကြောင်းကြားမှုကို လက်ခံရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ကန့်ကွက်ခြင်းနှင့် ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ခြင်း

၆။ (ခ) ပုဒ်မခွဲ(က)အရ ကန့်ကွက်ခြင်းမပြုဘဲ အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင် ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

တရားရုံးက ကြားဝင်ဆောင်ရွက်ခြင်းကို ကန့်သတ်ခြင်း

စီမံခန့်ခွဲရေးဆိုင်ရာ အကူအညီရယူခြင်း

တင်ပြပါ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခေါင်းစဉ်ငယ် ရှေ့တွေမှာ ၇ ၊ ၈ ပါသေးလား။ မပါဘူးနော်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ မပါ ပါဘူးခင်ဗျ။ ၇၊ ၈ က ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပါပဲ။ ခေါင်းစဉ်ငယ်များကိုပဲ ပြင်ဆင်တင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျ။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅(က) (၁)(၂)၊ အပိုဒ် ၆ အစုခေါင်းစဉ်၊ အပိုဒ် ၆(ခ)၊ အစု ခေါင်းစဉ်၊ အစုခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅ (က)(၁)(၂)၊ အပိုဒ် ၆ အစု ခေါင်းစဉ်၊ အပိုဒ် ၆(ခ)၊ အစုခေါင်းစဉ်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်။၁၀း၄၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

## အခန်း (၄)

## အနုညာတသဘောတူညီချက်

၉။ (ဂ) တောင်းဆိုလွှာနှင့် ချေပလွှာတွင် အငြင်းပွားသူ တစ်ဦးက အနုညာတ သဘောတူညီချက်ရှိကြောင်း အဆိုပြု၍ တစ်ဖက်အငြင်းပွားသူက ငြင်းဆိုခြင်း မရှိလျှင် ထို အနုညာတ သဘောတူညီချက်သည် စာဖြင့် ရေးသားထားခြင်းဖြစ်သည် ဟု မှတ်ယူရမည်။

အနုညာတ စီရင်ဆုံးဖြတ်မှု ခံယူစေရန်အတွက် လွှဲအပ်ခြင်းနှင့် တရားရုံးရှိ အမှုကို ဆိုင်းငံ့ခြင်း

၁၀။ (က) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍တရားရုံး၌ တရားစွဲဆိုထားသည့်အခါ အငြင်းပွားသူ တစ်ဦးဦးက အငြင်းပွားသည့် အဓိက အကြောင်းအရာနှင့် စပ်လျဉ်း၍ စာဖြင့် ရေးသား တင်ပြချက် တစ်စုံတစ်ရာ စတင်တင်သွင်းသည့် အချိန်ထက် နောက်မကျစေဘဲ အနုညာတ စီရင်ဆုံးဖြတ်မှုကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားရာတွင် တရားရုံးသည် အနုညာတ သဘောတူညီချက်သည် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အငြင်းပွားသူများအား အနုညာတ စီရင်ဆုံးဖြတ်မှု ခံယူစေရန် လွှဲအပ်ရမည်။

(စ) ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ အနုညာတ စီရင်ဆုံးဖြတ်မှု ခံယူရန် လွှဲအပ်ခြင်းကို ငြင်းဆိုသည့် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်နိုင်သည်။

အနုညာတ စစ်ဆေးစီရင်မှုတွင် တရားရုံး၏ပါဝင် ဆောင်ရွက်ခွင့် အာဏာများ

၁၁။ (ဃ) အငြင်းပွားသူများက လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ၊ အနုညာတ အဖွဲ့အစည်းကဖြစ်စေ၊ အခြားအဖွဲ့အစည်းကဖြစ်စေ လုပ်ပိုင်ခွင့် မရှိသော ကိစ္စရပ်များ သို့မဟုတ် ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းမရှိသော ကိစ္စရပ်များကိုသာ တရားရုံးက ဆောင်ရွက်ရမည်ဟု တင်ပြပါ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက် နိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၁၀ (က)မှာ သည်တွေ ထပ်နေတယ်။ ထိုသို့ လျှောက်ထားရာတွင် တရားရုံးသည် အနုညာတ သဘောတူညီချက်သည် ပျက်ပြယ်ကြောင်း၊ အနုညာတ သဘောတူညီချက် ပျက်ပြယ်ကြောင်း ဆိုရင် လုံလောက်ပါတယ်။ အဲဒီမှာ သည် တစ်လုံးဖျက်လိုက်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဟုတ်ကဲ့ပါ။ ပြင်ဆင်လိုက်ပါ့မယ်ခင်ဗျ။

**အချိန်။ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀(က)(စ)၊ အပိုဒ် ၁၁(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀(က)(စ)၊ အပိုဒ် ၁၁(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်။၁၀း၄၄။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်

**အခန်း(၅)**

**အနုညာတခုံရုံး ဖွဲ့စည်းခြင်း**

ခုံသမာဓိဦးရေ

၁၂။ (က) အငြင်းပွားသူများသည် ခုံသမာဓိဦးရေကို လွတ်လပ်စွာသတ်မှတ်နိုင်သည် သို့ရာတွင် ခုံသမာဓိဦးရေမှာတစ်ဦးထက်ပိုလျှင် စုံဂဏန်း မဖြစ်စေရ။

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့်အတိုင်း ခုံသမာဓိဦးရေကို သတ်မှတ်နိုင်ခြင်း မရှိလျှင် တစ်ဦး တည်းသော ခုံသမာဓိအဖြစ် ဆောင်ရွက်ရမည်။

**ခုံသမာဓိများ ခန့်ထားခြင်း**

၁၃။ (ဂ) အငြင်းပွားသူများက ခုံသမာဓိ ခန့်ထားရန် နည်းလမ်းကို သဘောတူ သတ်မှတ်ထားလျှင် အဆိုပါ နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။ အငြင်းပွားသူ တစ်ဦးဦးက ပျက်ကွက်လျှင်ဖြစ်စေ၊ အငြင်းပွားသူများ သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးက တတိယခုံသမာဓိ ခန့်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ယုံမှတ် အပ်နှံခံရသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ရန် ပျက်ကွက်ပြီး အနုညာတ သဘောတူညီချက်တွင် ခုံသမာဓိ ခန့်ထားရန် အခြား နည်းလမ်းကိုလည်း ဖော်ပြ ထားခြင်း မရှိလျှင်ဖြစ်စေ၊ အငြင်းပွားသူ တစ်ဦးသည် ခုံသမာဓိ ခန့်ထားပေးရန် တရားသူကြီးချုပ် သို့မဟုတ် ၎င်းကရွေးချယ် သတ်မှတ် ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ လျှောက်ထား တောင်းဆို နိုင်သည်။

(ဃ) ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့်အတိုင်း ခုံသမာဓိကို နှစ်ဖက်သဘောတူ သတ်မှတ်နိုင်ခြင်း မရှိလျှင်

(၁) ခုံသမာဓိ သုံးဦးပါဝင်သော အနုညာတ စီရင်ဆုံးဖြတ်ခြင်း၌ အငြင်းပွားသူ တစ်ဦးစီက ခုံသမာဓိ တစ်ဦးစီ ခန့်ထားရမည်။ ထိုသို့ ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးသည် တတိယ ခုံသမာဓိ တစ်ဦးကို ခန့်ထားရမည်။ တတိယ ခုံသမာဓိသည် ခုံသမာဓိ နာယကအဖြစ် ဆောင်ရွက်ရမည်။ အငြင်းပွားသူ တစ်ဦးသည် တစ်ဖက်အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆို ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိတစ်ဦးကို ခန့်ထားနိုင်ခြင်းမရှိလျှင် သို့မဟုတ် ခန့်ထား ခံရသော ခုံသမာဓိ နှစ်ဦးသည် ၎င်းတို့ခန့်ထား ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိ နာယကကို ခန့်ထားနိုင်ခြင်းမရှိလျှင် အငြင်းပွားသူ တစ်ဦးဦးက လျှောက်ထား တောင်း ဆို ပါက တရားသူကြီးချုပ်ကဖြစ်စေ ၎င်းက ရွေးချယ် သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ ခုံသမာဓိ ခန့်ထားခြင်းကို ဆောင်ရွက်ရမည်။

(၂) တစ်ဦးတည်းသော ခုံသမာဓိဖြင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်း၌ တစ်ဖက် အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း အငြင်းပွားသူများက တစ်ဦးတည်းသော ခုံ သမာဓိကို ခန့်ထားနိုင်ခြင်းမရှိ၍ အငြင်းပွားသူ တစ်ဦးဦးက လျှောက်ထား ပါက တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ တစ်ဦးတည်းသော ခုံသမာဓိ ခန့်ထားခြင်းကို ဆောင်ရွက်ရမည်။

(င) တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခုံသမာဓိခန့်ထားရာ၌ အငြင်းပွားသူများ၏ သဘောတူညီ ချက်တွင် သတ်မှတ်ထားသည့် ခုံသမာဓိ တစ်ဦးတွင် ရှိရမည့် အရည်အချင်းများနှင့် လွတ်လပ်၍ ဘက်လိုက်မှု မရှိသော ခုံသမာဓိတစ်ဦး ဖြစ်ကြောင်း သေချာစေရန် လိုအပ်သည့် အချက်များကို အလေးထား စဉ်းစားရမည်။

(စ) တရားသူကြီးချုပ် ကဖြစ်စေ ၎င်းကရွေးချယ် သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ကဖြစ်စေ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ အပ်နှင်း ထားသော ကိစ္စရပ် များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် စီမံခန့်ခွဲမှုကို ပြုလုပ်နိုင်သည်။

(ဆ) တရားသူကြီးချုပ်ကဖြစ်စေ ၎င်းကရွေးချယ် သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ကဖြစ်စေ နိုင်ငံတကာ အနုညာတစီရင် ဆုံးဖြတ်ခြင်းတွင် တစ်ဦး တည်းသော ခုံသမာဓိ သို့မဟုတ် တတိယ ခုံသမာဓိတစ်ဦး ခန့်ထားရာတွင် အငြင်း ပွားသူများမှာ မတူညီသော နိုင်ငံများမှ နိုင်ငံသားများ ဖြစ်နေလျှင် အငြင်းပွားသူ

များ၏ နိုင်ငံသားမှအပ အခြားနိုင်ငံ၏ နိုင်ငံသားကို ခုံသမာဓိအဖြစ် ခန့်ထားနိုင်သည်။

(ဇ) ပုဒ်မခွဲ(ဂ) သို့မဟုတ် (ဃ)အရ အပ်နှင်းထားသော ကိစ္စရပ်များအပေါ် တရားသူကြီးချုပ်ကသော်လည်းကောင်း ယင်းက ရွေးချယ်သတ်မှတ် ပေးသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက သော်လည်းကောင်း ချမှတ်သည့် ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခွင့်မရှိစေရ။

ခုံသမာဓိကို ကန့်ကွက်ရန် အကြောင်းပြချက်များ

၁၄။ (က) ခုံသမာဓိအဖြစ်ခန့်ထားရန် ဆက်သွယ်ခံရသည့် ပုဂ္ဂိုလ်သည် မိမိ၏ လွတ်လပ်မှု၊ ဘက်မလိုက်မှုတို့နှင့် စပ်လျဉ်း၍ ကျိုးကြောင်း ဆီလျော်သည့် သံသယများ ဖြစ်ပေါ်စေနိုင်သော အခြေအနေများ ကိုစာဖြင့် ရေးသား၍ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ သံသယများဖြစ်ပေါ်စေနိုင်သော အခြေအနေများကို အငြင်းပွားသူများအား အသိပေး အကြောင်းမကြားခဲ့လျှင် ခုံသမာဓိ တစ်ဦးသည် ခန့်ထားခံရသည့်အချိန်မှစ၍ အနုညာတ စစ်ဆေး စီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း ထိုကဲ့သို့သော အခြေအနေများရှိကြောင်း အငြင်းပွားသူများအား နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ထုတ်ဖော် ပြောဆိုရမည်။

(ဂ) (၁) ခုံသမာဓိ၏ လွတ်လပ်မှု သို့မဟုတ် ဘက်မလိုက်မှုတို့နှင့် စပ်လျဉ်း၍ ကျိုးကြောင်း ဆီလျော်သည့် သံသယ ဖြစ်စေနိုင်သော အကြောင်း တစ်ရပ်ရပ်ရှိခြင်း၊

ကန့်ကွက်ရန်နည်းလမ်း

၁၅။ (က) အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦးအား ကန့်ကွက်ရန် နည်းလမ်းကို လွတ်လပ်စွာ သဘောတူ သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့်အတိုင်း သဘောတူ သတ်မှတ် နိုင်ခြင်းမရှိလျှင် ခုံသမာဓိ ခန့်ထားခြင်းကို ကန့်ကွက်လိုသော အငြင်းပွားသူသည် ကန့်ကွက်မှုအတွက် အကြောင်းပြချက်များကို စာဖြင့်ရေးသား၍ အနုညာတ ခုံရုံးဖွဲ့စည်းသည်ကို သိရှိပြီး သို့မဟုတ် ပုဒ်မ ၁၄ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော အခြေအနေများကို သိရှိပြီး ၁၅ ရက်အတွင်း အနုညာတခုံရုံးသို့ ပေးပို့၍ ကန့်ကွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဃ) အရ တရားရုံး၌ လျှောက်ထားမှုသည် မပြီးမပြတ် ရှိနေစေကာမူ အနုညာတခုံရုံးသည် စစ်ဆေးစီရင်မှုကို ဆက်လက် ဆောင်ရွက်ရမည့် အပြင် ဆုံးဖြတ်ချက် ချမှတ်ရမည်။

ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ရုပ်စဲခြင်းနှင့် အစားထိုး ခန့်ထားခြင်း

၁၆။ (ခ) အငြင်းပွားသူများက အခြားနည်း သဘောတူညီ ထားခြင်း မရှိပါက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ အကြောင်းပြချက် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဆက်လက်ဖြစ်ပွားနေလျှင် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရုပ်စဲရန်ကိစ္စအပေါ် ဆုံးဖြတ်ပေးရန် အငြင်းပွားသူ တစ်ဦးက စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ လျှောက်ထားနိုင်သည်။ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရုပ်စဲရန် ကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့် ဆုံးဖြတ်ချက် အပေါ်အယူခံဝင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံသမာဓိ တစ်ဦးသည် ရာထူးမှ နုတ်ထွက်လျှင် သို့မဟုတ် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရုပ်စဲရန် အငြင်းပွားသူတစ်ဦးက သဘောတူ လျှင် ထိုသို့နုတ်ထွက်သည် သို့မဟုတ် ရုပ်စဲသည်ဆိုသည့် အချက်ကြောင့် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ၌ ရည်ညွှန်းသော အကြောင်းပြချက်များ တရားဝင်ကြောင်း လက်ခံရာ ရောက်သည်ဟု မမှတ်ယူရ။

၁၇။ (က) ပုဒ်မ ၁၅ နှင့် ၁၆ တို့တွင် ဖော်ပြထားသော အကြောင်းများအရ ဖြစ်စေ၊ အခြား အကြောင်း တစ်ရပ်ရပ်ကြောင့် ခုံသမာဓိက ရာထူးမှ နုတ်ထွက် သောကြောင့် ဖြစ်စေ၊ အငြင်းပွားသူများ၏ သဘောတူ ညီချက်အရ ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းသောကြောင့်ဖြစ်စေ၊ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရုပ်စဲစေသည့် အခြား အကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်စေ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရုပ်စဲသွားလျှင် ထိုခုံသမာဓိကိုခန့်အပ်စဉ်က နည်းလမ်းအတိုင်း ခုံသမာဓိအသစ် တစ်ဦးကို အစားထိုး ခန့်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။ တင်ပြပါ ပြင်ဆင်ချက်များကိုချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်သွင်း အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၂ (က)(ခ)၊ အပိုဒ် ၁၃(ဂ)(ဃ) (၁) (၂)(င)(စ)(ဆ)(ဇ)၊ အပိုဒ် ၁၄ (က)(ခ)(ဂ)(၁)၊ အပိုဒ် ၁၅(က)(ခ)(င)၊ အပိုဒ် ၁၆(ခ)(ဂ)၊ အပိုဒ် ၁၇(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၂ (က)(ခ)၊ အပိုဒ် ၁၃(ဂ)(ဃ)(၁) (၂)(င)(စ)(ဆ)(ဇ)၊ အပိုဒ် ၁၄ (က)(ခ)(ဂ)(၁)၊ အပိုဒ် ၁၅(က)(ခ)(င)၊ အပိုဒ် ၁၆(ခ)(ဂ)၊ အပိုဒ် ၁၇(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၀း၅၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၆)

အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်

၁၈။ (ဂ) အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း အနုညာတခုံရုံးသည် ၎င်း၏ လုပ်ပိုင်ခွင့် အာဏာကို ကျော်လွန် လုပ်ကိုင်ကြောင်း စွပ်စွဲသည့် အကြောင်းအရာ များ ပေါ်ပေါက်လျှင် အငြင်းပွားသူ တစ်ဦးဦးက ချက်ချင်းလျှောက်ထားရမည်။

(ဃ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထား မှုများတွင် နောက် ကျမှ တင်သွင်းသော လျှောက်ထားချက်ကို လျှော်ကန်သင့်မြတ်သော အကြောင်း များရှိပါက လက်ခံဆောင်ရွက်နိုင်သည်။

(င) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားချက်များအပေါ် ပဏာမငြင်းချက် ကဲ့သို့ဖြစ်စေ၊ ဆုံးဖြတ်ချက် ချမှတ်သကဲ့သို့ဖြစ်စေ ဆုံးဖြတ်နိုင် သည်။ အကယ်၍ အနုညာတ ခုံရုံးက စီရင်ပိုင်ခွင့် ရှိကြောင်းဆုံးဖြတ်သည်ဖြစ်စေ၊ မရှိကြောင်း ဆုံးဖြတ်သည် ဖြစ်စေ အဆိုပါ ဆုံးဖြတ်ချက် ကို ကျေနပ်မှုမရှိသော အငြင်းပွားသူသည် ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၂) အရ တရားရုံးသို့ အယူခံ ဝင်ရောက်နိုင်သည်။

ကြားဖြတ်အမိန့်များ ချမှတ်ရန် အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်

၁၉။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီ ထားခြင်းမရှိလျှင် အနုညာတ ခုံရုံးသည် အငြင်းပွားသူ တစ်ဦးဦးနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စရပ်များ အတွက် ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြား ချက်များ ချမှတ်ခွင့်ရှိသည် -

(ဂ) အနုညာတခုံရုံးက သင့်သည်ဟုထင်မြင်သည့်အတိုင်း သက်သေ စစ်မေးခြင်း အစီ အစဉ်ကို သတ်မှတ် နိုင်သည်။

(ဃ) (၁) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြင်ပတွင် နေထိုင်သူဖြစ်ခြင်း၊

(င) အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း ချမှတ်သော အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်များသည် တရားရုံးက ချမှတ်သော အမိန့်များ ဖြစ်ဘိသကဲ့သို့ တရားရုံး၏ ခွင့်ပြုချက်ဖြင့် အတည်ပြု ဆောင်ရွက်နိုင်သည်။

ခုံသမာဓိ၏ကင်းလွတ်ခွင့်များ

၂၀။ ခုံသမာဓိတစ်ဦးသည် ခုံသမာဓိအဖြစ် တာဝန်ဝတ္တရားများကို ဆောင်ရွက်စဉ် ၎င်း၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုသည် ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက ထိုသို့ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုအပေါ် တာဝန်မရှိစေရ ဟု ပြင်ဆင်ထားပါတယ်။ တင်ပြပါ ပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်သို့တင်ပြအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၈(ဂ)(ဃ)(င)၊ အပိုဒ် ၁၉ အစုခေါင်းစဉ်၊ အပိုဒ် ၁၉(က)(ဂ)(ဃ)(၁)(င)၊ အပိုဒ် ၂၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၈ (ဂ)(ဃ)(င)၊ အပိုဒ် ၁၉ အစုခေါင်းစဉ်၊ အပိုဒ် ၁၉(က)(ဂ) (ဃ)(၁)(င)၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၀း၅၅။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၇)

အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်ခြင်း

ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်ခြင်း

၂၂။ (က) အငြင်းပွားသူများသည် အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ သဘောတူ သတ်မှတ်နိုင်သည်။

အနုညာတ စီရင်ဆုံးဖြတ်ရာ နေရာ

၂၃။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ရာ နေရာကို လွတ်လပ်စွာသဘော တူ သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့်အတိုင်း သဘောတူ သတ်မှတ်နိုင်ခြင်း မရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတို့အတွက် အဆင်ပြေမှု အပါအဝင် အမှု၏ အခြေအနေအရပ်ရပ်ကို အလေးဂရုပြုလျက် အနုညာတ စီရင်ဆုံးဖြတ်ရာနေရာကို သတ်မှတ်ပေး ရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ)တို့တွင် အနုညာတစီရင် ဆုံးဖြတ်ရန် နေရာကို သတ်မှတ်ထား စေကာမူ အနုညာတ ခုံရုံးသည် ခုံသမာဓိများအချင်းချင်း ဆွေးနွေးညှိနှိုင်း နိုင်ရန် သက်သေများ၊ ကျွမ်းကျင်သူများနှင့် အငြင်း ပွားသူများကို စစ်ဆေးကြားနာနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများကို စစ်ဆေးနိုင်ရန် အငြင်းပွားသူ များက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် သင့်လျော်ရာ ဒေသတစ်ခုခုတွင် တွေ့ဆုံဆောင်ရွက် နိုင်သည်။

အနုညာတစီရင်ဆုံးဖြတ်မှု စတင်ဆောင်ရွက်ခြင်း

၂၄။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် အငြင်းပွားမှုနှင့် စပ်လျဉ်း သည့် အနုညာတ စီရင်ဆုံးဖြတ်မှုသည် တောင်းဆိုခြင်းခံရသူက ထိုအငြင်းပွားမှုကို အနုညာတစီရင် ဆုံးဖြတ်ရန်အတွက် လွှဲအပ်ရန် တောင်းဆိုချက် အား လက်ခံရရှိသည့်နေ့မှ စတင်သည်။

ဘာသာစကား

၂၅။ (ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့်အတိုင်း အငြင်းပွား သူများက သဘောတူ သတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတ စီရင်ဆုံးဖြတ်မှုတွင် အသုံးပြုရမည့် ဘာသာ စကား သို့မဟုတ် ဘာသာစကားများကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(က)အရ သဘောတူညီချက် သို့မဟုတ် ပုဒ်မခွဲ(ခ)အရသတ်မှတ်ချက်တွင် အခြားနည်း သီးခြားဖော်ပြထားခြင်း မရှိပါက ထိုသဘောတူညီချက်နှင့် သတ်မှတ် ချက်သည် အငြင်းပွားသူ တစ်ဦးဦး၏ စာဖြင့်ရေးသား ဖော်ပြချက်၊ အနုညာတခုံရုံး ၏ စစ်ဆေးကြားနာချက်၊ အနုညာတဆုံးဖြတ်ချက် သို့မဟုတ် စာဖြင့် အခြား ဆက်သွယ် ဆောင်ရွက်ချက်တို့နှင့်လည်း သက်ဆိုင်စေရမည်။

တောင်းဆိုလွှာနှင့် ချေပလွှာတွင် ဖော်ပြပါရှိရမည့် အချက်များ

၂၆။ (ခ) အငြင်းပွားသူများသည် ၎င်းတို့၏ တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာတို့နှင့်အတူ စပ်ဆိုင်သည်ဟု ယူဆသော စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက် များ အားလုံးကို တင်သွင်းနိုင်သည်။ သို့မဟုတ် ၎င်းတို့က တင်သွင်းမည့် စာတမ်း

အမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များအတွက် ရည်ညွှန်း ဖော်ပြချက်ကို ပူးတွဲတင်သွင်းနိုင်သည်။

နှုတ်ဖြင့် စစ်ဆေးကြားနာခြင်းနှင့် စာဖြင့် စစ်ဆေးစီရင်မှု ဆောင်ရွက်ခြင်း

၂၇။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်း မရှိလျှင် အနုညာတ ခုံရုံးသည် နှုတ်ဖြင့် သက်သေခံချက်တင်ပြခြင်းနှင့် နှုတ်ဖြင့် လျှောက်လဲ တင်ပြခြင်း၊ ကြားနာခြင်းဖြင့် လည်းကောင်း၊ အနုညာတစစ်ဆေးစီရင်မှုကို စာတမ်းအမှတ်အသားများနှင့် အခြားသက်သေခံချက်များအပေါ် အခြေပြု၍ ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း ဆုံးဖြတ်ရမည်။ သို့ရာတွင် အငြင်းပွားသူများက နှုတ်ဖြင့်စစ်ဆေး ကြားနာမှု မပြုလုပ်ရန် သဘောတူညီထားခြင်း မရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူ တစ်ဦးကတောင်းဆိုပါက အနုညာတ စစ်ဆေးစီရင် ဆုံးဖြတ်မှု၏ သင့်လျော်သည့် အဆင့်တွင် နှုတ်ဖြင့် စစ်ဆေး ကြားနာမှုကို ဆောင်ရွက်နိုင်သည်။

(ခ) အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တင်သွင်းသော စာဖြင့် ရေးသား တင်ပြချက်များ၊ စာတမ်းအမှတ်အသားများ သို့မဟုတ် အခြား သတင်း အချက် အလက်များ သို့မဟုတ် လျှောက်ထားချက် များအားလုံးကို တစ်ဖက်အငြင်းပွားသူထံ ပေးပို့အကြောင်းကြားရမည်။ ထို့ပြင် အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားကိုးအားထားပြုသော ကျွမ်းကျင်သူ၏ ထင်မြင်ချက် သို့မဟုတ် သက်သေခံ စာတမ်းအမှတ်အသား မိတ္တူများကို အငြင်းပွားသူများထံ ပေးပို့အကြောင်းကြားရမည်။

အငြင်းပွားသူတစ်ဦး၏ ပျက်ကွက်ခြင်း

၂၈။ အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်း မရှိသည့်အပြင် လုံလောက်သော အကြောင်းပြသနိုင်ခြင်း မရှိပါက -

(ဂ) အငြင်းပွားသူတစ်ဦးဦးသည် နှုတ်ဖြင့်စစ်ဆေးရာသို့ ရောက်ရှိရန် ပျက်ကွက်လျှင် သို့မဟုတ် စာတမ်း အမှတ်အသား သက်သေခံချက်ကို တင်သွင်းရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ အနုညာတ ခုံရုံးရှေ့မှောက်ရှိ သက်သေခံချက်များ အရ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

အနုညာတခုံရုံးက ကျွမ်းကျင်သူ ခန့်ထားခြင်း

၂၉။ အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်း မရှိလျှင် အနုညာတခုံရုံးသည် -

(ခ) စပ်ဆိုင်သော သတင်းအချက်အလက်ကို ကျွမ်းကျင် သူအား ပေးစေရန် သို့မဟုတ် စပ်ဆိုင်သော စာတမ်း အမှတ်အသား၊ ကုန်ပစ္စည်း သို့မဟုတ် အခြား ပစ္စည်းကို

ကျွမ်းကျင်သူက စစ်ဆေးနိုင်ရန်အတွက် ထုတ်ဖော်ပြသစေရန် သို့မဟုတ် ကြည့်ရှုခွင့်ပြုစေရန် အငြင်းပွားသူ တစ်ဦးဦးထံမှ တောင်းဆိုနိုင်သည်။

(ဂ) ကျွမ်းကျင်သူ၏ နှုတ်ဖြင့် သို့မဟုတ် စာဖြင့် အစီရင်ခံ တင်ပြပြီးနောက် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက သို့မဟုတ် အနုညာတခုံရုံးက လိုအပ်သည်ဟု ထင်မြင်ယူဆပါက နှုတ်ဖြင့် စစ်ဆေးကြားနာမှုတွင် ကျွမ်းကျင်သူကို ခေါ်ယူစစ်ဆေး ကြားနာနိုင်သည်။ ထိုသို့ စစ်ဆေးကြားနာရာတွင် အငြင်းပွားသည့် အချက်များအပေါ် သက်သေခံရန်အတွက် အငြင်းပွားသူများသည် ကျွမ်းကျင်သူကို မေးခွန်းများ မေးမြန်းခွင့် ရှိစေရမည့်အပြင် အငြင်းပွားသည့် အချက်များနှင့် စပ်လျဉ်း၍ သက်သေတင်ပြခွင့် ရှိစေရမည်။

သက်သေခံချက်ရယူရာတွင် တရားရုံး၏ အကူအညီတောင်းခံခြင်း

၃၀။ (က) အနုညာတခုံရုံးသည် သို့မဟုတ် အငြင်းပွားသူ တစ်ဦးဦးသည် အနုညာတခုံရုံး၏ သဘောတူညီချက် ဖြင့် တရားရုံးက သက်သေခံချက် ရယူပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) (၁) အငြင်းပွားသူများနှင့် ခုံသမာဓိများ၏ အမည် များ၊ နေရပ် လိပ်စာများ၊

(၄) ထုတ်ဖော်ပြသရမည့် စာတမ်းအမှတ်အသား သို့မဟုတ် စစ်ဆေးရမည့် ပစ္စည်း၏ ဖော်ပြချက် နှင့် အမျိုးအစား

(၅) အနုညာတခုံရုံး သို့မဟုတ် အငြင်းပွားသူ တစ်ဦးဦးက လိုအပ်သည်ဟု ယူဆသည့် အခြားစာတမ်း အမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များ

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အပိုဒ်(၃၁)ရဲ့ အစုခေါင်းစဉ် တင်ပြပါမယ်။

အနုညာတခုံရုံး၏ ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံးက အတည်ပြု ဆောင်ရွက်ခြင်း

၃၁။ (က) အနုညာတ စစ်ဆေးစီရင်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော် အတွင်း၌ ဖြစ်စေ သို့မဟုတ် နိုင်ငံတော်ပြင်ပ၌ဖြစ်စေ၊ အနုညာတခုံရုံးက ချမှတ်သည့် ကြားဖြတ်ဆုံးဖြတ်ချက်များကို တရားရုံး၏ အမိန့်နှင့် ဆုံးဖြတ်ချက်ကဲ့သို့ တရားရုံးက အတည်ပြုဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်ပြင်ပ၌ ပြုလုပ်သည့် အနုညာတ စစ်ဆေး စီရင်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့် ကြားဖြတ် ဆုံးဖြတ်ချက်ကို အတည်ပြုရန် လျှောက်ထားသူသည် အဆိုပါ ဆုံးဖြတ်ချက်မှာ နိုင်ငံတော်အတွင်း၌ ပြုလုပ်သည့် ဆုံးဖြတ်ချက် အမျိုး

အစားအတိုင်း ဖြစ်ကြောင်း သက်သေထင်ရှား မပြနိုင်ပါက တရားရုံးသည် အဆိုပါ ဆုံးဖြတ်ချက်ကို အတည်ပြုရန် ခွင့်ပြုခြင်း မပြုရ၊

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက် ရရှိပါက တရားရုံးသည် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြု ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ(က)အရတရားရုံးက အတည်ပြုဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအတွက် တရားရုံး ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခွင့် မရှိစေရ။

ရှင်းလင်းချက်။

ဤပုဒ်မတွင် ရည်ညွှန်းသည့် ကြားဖြတ်ဆုံးဖြတ်ချက်ဆိုရာတွင် အနုညာတခုံရုံး၏ အမိန့် သို့မဟုတ် ညွှန်ကြားချက်လည်း ပါဝင်သည်ဟု ပြင်ဆင်ထားပါတယ်။ တင်ပြပါ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂ အစုခေါင်းစဉ်၊ အပိုဒ် ၂၂(က)၊ အပိုဒ် ၂၃ အစုခေါင်းစဉ်၊ အပိုဒ် ၂၃ (က)(ခ)(ဂ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅(ခ)(ဂ)၊ အပိုဒ် ၂၆(ခ)၊ အပိုဒ် ၂၇ (က)(ဂ)၊ အပိုဒ် ၂၈(ဂ)၊ အပိုဒ် ၂၉ (ခ)(ဂ)၊ အပိုဒ် ၃၀ (က)(ခ)(၁)(၄)(၅)၊ အပိုဒ် ၃၁ အစုခေါင်းစဉ်၊ အပိုဒ် ၃၁(က) (ခ)(ဂ)(ဃ)ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂ အစုခေါင်းစဉ်၊ အပိုဒ် ၂၂(က)၊ အပိုဒ် ၂၃ အစုခေါင်းစဉ်၊ အပိုဒ် ၂၃(က)(ခ)(ဂ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅(ခ)(ဂ)၊ အပိုဒ် ၂၆(ခ)၊ အပိုဒ် ၂၇(က)(ဂ)၊ အပိုဒ် ၂၈(ဂ)၊ အပိုဒ် ၂၉ (ခ)(ဂ)၊ အပိုဒ် ၃၀ (က)(ခ)(၁)(၄)(၅)၊ အပိုဒ် ၃၁ အစုခေါင်းစဉ်၊ အပိုဒ် ၃၁(က) (ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ဆက်လက်တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၈)
အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် အနုညာတ

စီရင်ဆုံးဖြတ်မှု ပြီးဆုံးခြင်း

အငြင်းပွားပြဿနာအတွက် လိုက်နာရမည့် ဥပဒေ

၃၂။ (က) အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်ရာနေရာသည် နိုင်ငံတော်အတွင်း၌ ဖြစ်သည့်အခါ -

(၁) ပြည်တွင်း အနုညာတ စီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတ ခုံရုံးသည် အနုညာတစီရင် ဆုံးဖြတ်ရန် တင်သွင်းသော အငြင်းပွားမှုကို နိုင်ငံတော်၏ သက်ဆိုင်ရာ တည်ဆဲပြဋ္ဌာန်း ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(၂) နိုင်ငံတကာ အနုညာတစီရင်ဆုံး ဖြတ်ခြင်းတွင် -

(ကက) အနုညာတခုံရုံးသည် အငြင်းပွားမှုကို ဆုံးဖြတ်ရာတွင် အငြင်းပွားသူများက သဘာတူရွေးချယ် သတ်မှတ်ထားသည့် ဥပဒေနှင့် အညီ ဆုံးဖြတ်ရမည်။

( ခခ ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်း မရှိလျှင် ရွေးချယ်သတ်မှတ်ထားသော နိုင်ငံ တစ်နိုင်ငံ၏ ဥပဒေသို့မဟုတ် ဥပဒေစနစ်သည် ထိုနိုင်ငံ၏ သက်ဆိုင်ရာပြဋ္ဌာန်း ဥပဒေကိုတိုက်ရိုက်ရည်ညွှန်းခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။ ထိုနိုင်ငံ၏

ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုဆိုင်ရာ နည်းဥပဒေများကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု မှတ်ယူခြင်း မပြုရ။

(ခ) အငြင်းပွားသူများက အနုညာတခုံရုံးအား အတိအလင်း အခွင့်အာဏာ ပေးအပ်ခြင်း ခံရပါက အနုညာတ ခုံရုံးသည်တရားမျှတမှု၊ သာတူညီမျှမှု၊ စိတ်ရင်းကောင်း ထားမှုတို့ဖြင့် အငြင်းပွားမှုကို ဆုံးဖြတ်ပေးရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားမှုအားလုံးကို ပဋိညာဉ်ပါ စည်းကမ်းချက်များနှင့် အညီ ဆုံးဖြတ်ပေးရမည်။ ထိုသို့ ဆုံးဖြတ်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးကိစ္စများ၌ လိုက်နာရသော ကုန်သွယ်မှု ဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစား ရမည်။

၃၃။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီ ထားခြင်းမရှိလျှင် ခုံသမာဓိ တစ်ဦး ထက်ပို၍ ပါဝင်သော အနုညာတ စီရင်ဆုံးဖြတ်မှုတွင် အနုညာတ ခုံရုံးသည် ခုံ သမာဓိအဖွဲ့ဝင်အများစု ဆန္ဒအရ ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ဖော်ပြပါရှိစေကာမူ အငြင်းပွားသူများက သို့မဟုတ် အနုညာတခုံရုံး၏ ခုံသမာဓိအဖွဲ့ဝင် အားလုံးက အခွင့်အာဏာ အပ်နှင်း လျှင်အနုညာတ စစ်ဆေးစီရင်ခြင်း လုပ်ထုံးလုပ်နည်းကို ခုံသမာဓိ နာယက က အဆုံးအဖြတ် ပေးနိုင်သည်။

၃၄။ (ခ) အငြင်းပွားသူများက သဘောတူညီသော စည်းကမ်း ချက်များအတိုင်း ပြုလုပ်သည့် အနုညာတ ဆုံးဖြတ်ချက်ကို ပုဒ်မ ၃၅ နှင့်အညီ ပြုလုပ်ရမည်။ ယင်းကို အနု ညာတဆုံးဖြတ်ချက်ဟု ဖော်ပြရမည်။

(ဂ) အငြင်းပွားသူများက သဘောတူညီသည့် စည်းကမ်း ချက်များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်သည် အဓိကအငြင်းပွား အကြောင်းခြင်းရာအပေါ် ဆုံးဖြတ် သော အခြားအနုညာတဆုံးဖြတ်ချက်ကဲ့သို့ တူညီသော အဆင့်အတန်းနှင့် တူညီ သော အကျိုး သက်ရောက်မှုရှိ စေရမည်။

၃၅။ (က) အနုညာတ ဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားရမည့် အပြင် ခုံသမာဓိ သို့မဟုတ် ခုံသမာဓိများက လက်မှတ်ရေးထိုးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ရည်ရွယ်ချက်အလို့ငှာ ခုံသမာဓိ တစ်ဦးထက်ပို၍ပါဝင်သော အနုညာတစီရင်ဆုံးဖြတ်မှုတွင် ခုံသမာဓိများထဲမှ အများစုက လက်မှတ် ရေးထိုးပါ က ပြည့်စုံသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ခုံသမာဓိတစ်ဦးဦးက လက်မှတ်မရေး ထိုးဘဲ ကျန်ရှိနေခြင်းနှင့် စပ်လျဉ်း၍ အကြောင်း ပြချက် ရေးသားဖော်ပြရမည်။

(ဃ) အနုညာတဆုံးဖြတ်ချက်တွင် ဆုံးဖြတ်ချက် ချမှတ် သည့် နေ့စွဲနှင့် ပုဒ်မ ၂၃ နှင့်အညီ သတ်မှတ်ထားသည့် အနုညာတ စီရင်ဆုံးဖြတ်ရာနေရာကို ဖော်ပြရမည်။ အနုညာတ ဆုံးဖြတ်ချက်ကို ထိုနေရာတွင် ဆုံးဖြတ်သည်ဟု မှတ်ယူရမည်။

(င) အနုညာတ ဆုံးဖြတ်ချက်ကို ချမှတ်ပြီးနောက် လက်မှတ်ရေးထိုးထားသော ဆုံးဖြတ်ချက် မိတ္တူမှန် တစ်စောင်စီကို အငြင်းပွားသူ အသီးသီးထံ ပေးပို့ရမည်။

(စ) (၂) အနုညာတခုံရုံးသည် ကုန်ကျစရိတ်ကို ရထိုက် ခွင့်ရှိသည့် အငြင်းပွားသူနှင့် ကုန်ကျစရိတ်ကို ပေးဆောင်ရမည့် အငြင်းပွားသူတို့၏ ကုန်ကျစရိတ် ပမာဏ၊ တွက်ချက်သည့် နည်းလမ်းနှင့် ပေးဆောင်ရမည့် နည်းလမ်း စသည်တို့ကို သတ်မှတ်ပေးရမည်။

၃၆။ (ခ) (၁) တောင်းဆိုသူက ၎င်း၏ တောင်းဆိုချက်ကို ပြန်လည်ရုပ်သိမ်းရာတွင် တောင်းဆိုခံရသူက ထိုသို့ရုပ်သိမ်းခြင်းကို ကန့်ကွက်ခွင့် မရှိသည့် အပြင် အငြင်းပွားမှုကို နောက်ဆုံး ပြေငြိမ်း ပြီးပြတ်ရာတွင် တောင်းဆိုခံရသူ၏ ဥပဒေအရ ရရှိနိုင်သော အကျိုးခံစားခွင့်ကို အနုညာတ ခုံရုံးက အသိအမှတ် ပြုထားမှုမရှိခြင်း၊

(ဂ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ(က) နှင့် ဤပုဒ်မတို့အရ အနုညာတ စီရင်ဆုံးဖြတ်မှု ပြီးဆုံးလျှင် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို အထောက် အထားပြု၍ အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့် ပြီးဆုံးသည်။

၃၇။ (ခ) အနုညာတခုံရုံးသည် ပုဒ်မခွဲ(က) ပါ လျှောက်ထား တောင်းဆိုချက်အရဖြစ်စေ၊ မိမိ၏ စိစစ်တွေ့ရှိချက် အရ ဖြစ်စေ၊ ပုဒ်မခွဲ(က)ပါ အမှားအယွင်းတစ်ခုခုကို တွေ့ရှိပါက အဆိုပါ အနုညာတ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးနိုင်သည်။ အဆိုပါပြင်ဆင်ချက်ကို အငြင်းပွားသူများထံပေးပို့ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှောက်ထားမှုမှာ လျော်ကန် သင့်မြတ်သည်ဟု အနုညာတခုံရုံးက ယူဆလျှင် လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း အနုညာတခုံရုံးက အနက် အဓိပ္ပာယ် ဖွင့်ဆိုပေးရမည်။ ထိုအနက် အဓိပ္ပာယ် ဖွင့်ဆိုချက်သည် အနုညာတ ဆုံးဖြတ်ချက်၏ အစိတ်အပိုင်း ဖြစ်စေရမည်။

(ဆ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (စ) အရ အမှား ပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသို့မဟုတ် နောက်ဆက်တွဲ အနုညာတ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါက အချိန်ကာလ သတ်မှတ်ချက်ကို တိုးမြှင့်သတ်မှတ်နိုင်သည်။

အနုညာတ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

၃၈။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိလျှင် အနုညာတခုံရုံးက အနုညာတ သဘောတူညီချက်အရ ချမှတ်သည့် အနုညာတ ဆုံးဖြတ်ချက်သည် အပြီးသတ် ဖြစ်စေရမည့် အပြင် နှစ်ဖက်အငြင်းပွားသူများနှင့် ၎င်းတို့ကို ဆက်ခံအရေးဆိုသူတို့အပေါ် စည်းနှောင်မှုရှိစေရမည်။

ဖော်ပြပါ တင်ပြချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၃၂ (က)(၁)(၂)(ကက)(ခခ)၊ အပိုဒ် ၃၂(ခ)(ဂ)၊ အပိုဒ် ၃၃(က)(ခ)၊ အပိုဒ် ၃၄(ခ)(ဂ)၊ အပိုဒ် ၃၅(က)(ခ)(ဃ)(င) (စ)(၂)၊ အပိုဒ် ၃၆ (ခ)(၁)(ဂ)၊ အပိုဒ် ၃၇(ခ)(ဃ)(ဆ)၊ အပိုဒ် ၃၈ အစုခေါင်းစဉ်၊ အပိုဒ် ၃၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၃၂ (က)(၁)(၂)(ကက)(ခခ)၊ အပိုဒ် ၃၂(ခ)(ဂ)၊ အပိုဒ် ၃၃(က)(ခ)၊ အပိုဒ် ၃၄(ခ)(ဂ)၊ အပိုဒ် ၃၅(က)(ခ)(ဃ)(င) (စ)(၂)၊ အပိုဒ် ၃၆ (ခ)(၁)(ဂ)၊ အပိုဒ် ၃၇(ခ)(ဃ)(ဆ)၊ အပိုဒ် ၃၈ အစုခေါင်းစဉ်၊ အပိုဒ် ၃၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၁း၃၂။**

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)

ပြည်တွင်း အနုညာတဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ

တရားရုံးက ဥပဒေပြဿနာအပေါ် ပဏာမဆုံးဖြတ်ခြင်း

၃၉။ (က) အငြင်းပွားသူများက အခြားနည်း သဘောတူညီ ထားခြင်းမရှိလျှင် အနုညာတ စစ်ဆေးစီရင်မှုပါ အငြင်းပွားသူတစ်ဦးသည် အနုညာတ ခုံရုံးနှင့် အခြား အငြင်းပွားသူများထံသို့ အကြောင်းကြားစာပေးပို့၍ အနုညာတစစ်ဆေးစီရင်မှုမှ ပေါ်ပေါက်လာသည့် ဥပဒေပြဿနာကို တရားရုံးက ဆုံးဖြတ်ပေးရန် လျှောက်ထားနိုင်သည်။

ထိုသို့ လျှောက်ထားရာတွင် အငြင်းပွားသူတစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုသည့် အငြင်းပွားသူများ၏ အခွင့်အရေးကို အဓိကအားဖြင့် ထိခိုက်စေကြောင်း တရားရုံးက ကျေနပ်ဖွယ် တွေ့ရှိ ပါက အဆိုပါဥပဒေ ပြဿနာအပေါ် ပဏာမ ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အငြင်းပွားသူတစ်ဦးက လျှောက်ထား ခြင်း မဟုတ်လျှင် သို့မဟုတ် အနုညာတခုံရုံး၏ ခွင့်ပြုချက်အရ လျှောက်ထားခြင်း မဟုတ်သည့်အပြင် ဥပဒေ ပြဿနာကို ဆုံးဖြတ်ခြင်းသည် ကုန်ကျစရိတ်ပိုမို ကျသင့်စေပြီး အမှုကို နှောင့်နှေး ကြန့်ကြာစေမည်ဟု တရားရုံးက တွေ့ရှိပါက တရားရုံးသည် အဆိုပါ လျှောက်ထား မှုကို လက်ခံစဉ်းစားခြင်းမပြုရ။

(ဂ) အနုညာတစစ်ဆေးစီရင်မှုပါ အငြင်းပွားသူများက သဘောတူညီချက်အရ ဆောင်ရွက် ခြင်းမှတစ်ပါး ပုဒ်မခွဲ(က)ပါ လျှောက်လွှာတွင် ဆုံးဖြတ်ချက် ချမှတ်ရမည့် ဥပဒေ ပြဿနာကို ဖော်ပြရမည့်အပြင် တရားရုံးက ဆုံးဖြတ်ပေးစေလိုသည့် အကြောင်း ပြချက်ကိုလည်း ဖော်ပြရမည်။

၄၀။ (ခ) ပြည်တွင်းအနုညာတဆုံးဖြတ်ချက်ကို အတည်ပြုရန် လျှောက်ထား ခြင်းခံရသူက အနုညာတခုံရုံးသည် ပြည်တွင်းအနုညာတ ဆုံးဖြတ်ချက်ကို ချမှတ်ရန် အခွင့် အာဏာမရှိကြောင်း သက်သေထင်ရှား ပြသပါက တရားရုံးသည် ပြည်တွင်း အနု ညာတ ဆုံးဖြတ်ချက်ကို အတည်မပြုရ။

(ဂ) ဤပုဒ်မသည် ပြည်တွင်း အနုညာတဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အတည်ပြု ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်စေရမည်။

၄၁။ (က) တရားရုံးသည် အငြင်းပွားသူတစ်ဦးက ပြည်တွင်း အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်အခါ အောက်ပါ အခြေအနေ တစ်ရပ်ရပ် ပေါ် ပေါက်မှသာ ပြည်တွင်း အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည် -

(၁) အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူ တစ်ဦးသည် ဥပဒေအရ ဆောင်ရွက်နိုင်စွမ်း မရှိသော အခြေအနေသို့ရောက်ရှိနေခြင်း၊

(၂) အနုညာတသဘောတူညီချက်တွင် အငြင်းပွားသူများက ရွေးချယ်သတ်မှတ် ထားသည့် ဥပဒေ အရဖြစ်စေ အနုညာတ သဘောတူညီချက်တွင် ထိုသို့ ဥပဒေကို ရွေးချယ်သတ်မှတ်ထားခြင်း မရှိပါက နိုင်ငံတော်၏ တည်ဆဲ ဥပဒေအရ ဖြစ်စေ အဆိုပါ အနုညာတသဘော တူညီချက်သည် တရားမဝင် ခြင်း၊

(၃) အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသည့် အငြင်း ပွားမှုနှင့် စပ်လျဉ်း၍ အနုညာတသဘော တူညီချက်တွင် သတ်မှတ်ဖော်ပြ ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆင်ခြင်သုံးသပ်မှုမပြုဘဲ ချမှတ်ခဲ့

သော ဆုံးဖြတ်ချက် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက် ဘောင်အတွင်း ကျရောက်ခြင်းမရှိသော ဆုံးဖြတ်ချက် သို့မဟုတ် အနုညာတ စီရင် ဆုံးဖြတ်ခြင်းနှင့် အကျုံးမဝင်သော ကိစ္စရပ်များအပေါ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ ပါဝင်နေခြင်း၊

ခြွင်းချက်။ အနုညာတ စီရင်ဆုံးဖြတ်ရန် တင်သွင်းသော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များထဲမှ အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့် အကျုံးမဝင်သော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက် များကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညာတစီရင် ဆုံးဖြတ်ရန် မတင်သွင်းသော ကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်၏ အစိတ်အပိုင်းကို ပယ်ဖျက်နိုင်သည်။

(၅) အနုညာတ ခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတ စစ်ဆေးစီရင်ခြင်းသည် အငြင်းပွား သူများ၏ သဘောတူညီချက်နှင့် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း ကိုက်ညီမှု မရှိခြင်း၊

ခြွင်းချက်။ အဆိုပါ သဘောတူညီချက်သည် အငြင်းပွားသူများက လျှော့ပေါ့ခွင့်မရှိသော ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင် ကွဲလွဲမှု မရှိစေရ။

(၆) အငြင်းပွားမှု၏ အဓိက အကြောင်းချင်းရာသည် တည်ဆဲ ဥပဒေအရ အနုညာတ စီရင် ဆုံးဖြတ်ခြင်း နည်းဖြင့် ဖြေရှင်းရန် မဖြစ် နိုင်ခြင်း၊

(၇) အနုညာတ ဆုံးဖြတ်ချက်သည် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားနှင့် ဆန့်ကျင်နေခြင်း။

(ခ) လျှောက်ထားမှုပြုသော အငြင်းပွားသူက အနုညာတ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ သုံးလ ကုန်ဆုံး ပြီးနောက် သို့မဟုတ် ပုဒ်မ ၃၇ အရ အနုညာတ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် လျှောက်ထားမှုကို အနုညာတခုံရုံးက ဆောင်ရွက် ပြီးသည့်နေ့မှ သုံးလ ကုန်ဆုံးပြီးနောက် အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက် ပေးရန် လျှောက်ထားခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ(က) အရ လျှောက်ထားမှုကို လက်ခံရရှိလျှင် တရားရုံးသည် အငြင်းပွား သူတစ်ဦး၏ တောင်းဆိုမှုသည် သင့်လျော်သည်ဟု ယူဆပါက တရားရုံး၏ စစ်ဆေး စီရင်မှုကို သတ်မှတ်ပေးသည့် ကာလထိ ရွှေ့ဆိုင်းရမည်။ ထိုသို့ ရွှေ့ဆိုင်းခြင်းမှာ အနုညာတ ခုံရုံးက အနုညာတ စစ်ဆေးစီရင်မှုကို ပြန်လည် ဆောင်ရွက်နိုင်ရန် သို့မဟုတ် အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်စေမည့် အကြောင်းပြချက်များအား ဖယ်ရှားနိုင်မည်ဟု အနုညာတခုံရုံးက ယူဆသည့် အခြားဆောင်ရွက်မှုကို ပြုလုပ် နိုင်ရန်အတွက် ရွှေ့ဆိုင်းခြင်းဖြစ်ရမည် ဟု ပြင်ဆင်ထားပါတယ်။ တင်ပြပါ ပြင်ဆင် ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၉ အစုခေါင်းစဉ်၊ အပိုဒ် ၃၉(က)(ခ)(ဂ)၊ အပိုဒ် ၄၀ (ခ)(ဂ)၊ အပိုဒ် ၄၁ (က)(၁)(၂)(၄)(၅)(၆)(၇)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၉ အစုခေါင်းစဉ်၊ အပိုဒ် ၃၉(က)(ခ)(ဂ)၊ အပိုဒ် ၄၀ (ခ)(ဂ)၊ အပိုဒ် ၄၁ (က)(၁)(၂)(၄)(၅)(၆)(၇)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၇**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၀)

အယူခံဝင်ခြင်း

၄၂။ (က) တရားရုံးသည် အောက်ဖော်ပြပါ ကိစ္စရပ်များကို ကျေနပ်လက်ခံပါက အယူခံမှုကို ခွင့်ပြုရမည် -

(၁) အငြင်းပွားပြဿနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်သည် အငြင်းပွားသူတစ်ဦး သို့မဟုတ် အငြင်းပွားသူများ၏ အခွင့်အရေးကို အဓိက ထိခိုက်နစ်နာမှုရှိခြင်း၊

(၂) ဆုံးဖြတ်ပေးရန် တင်ပြထားသည့် အငြင်းပွား ပြဿနာအပေါ် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက် မှာ သိသာထင်ရှားစွာ မှားယွင်းနေခြင်း၊

(ခ) ဤပုဒ်မအရ အယူခံဝင်ရောက်ရာတွင် တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊

(၃) အနုညာတ ဆုံးဖြတ်ချက်တစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ အနုညာတခုံရုံးက ပြန်လည် စိစစ်သုံးသပ်ရန် ဆုံးဖြတ်ချက်ကို ပြန်လည်ပေးပို့ခြင်း၊

(၄) ဆုံးဖြတ်ချက် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကို ဖြစ်စေ ပယ်ဖျက်ခြင်း။

(ဂ) အောက်ဖော်ပြပါ တရားရုံးအမိန့်များအပေါ် စီရင် ပိုင်ခွင့် အာဏာရ တရားရုံးသို့ အယူခံဝင်ရောက် နိုင်သည် -

(၁) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(စ)အရ အနုညာတ ဆုံးဖြတ်မှု ခံယူရေး လွှဲအပ်ရန် ငြင်းပယ်သော အမိန့်၊

(၂) ပုဒ်မ ၁၁ ပါ ကြားဖြတ်ဆောင်ရွက်ရမည့် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ခွင့်ပြုသော အမိန့် သို့မဟုတ် ငြင်းပယ်သော အမိန့်၊

(၃) ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ ဥပဒေပြဿနာကို ဆုံးဖြတ်သည့် တရားရုံး၏ အမိန့်။

(၄) ပုဒ်မ ၄၁ အရ ပြည်တွင်း အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်သော အမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ် သော အမိန့်။

(ဃ) (၁) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသည့် လျှောက်ထား ချက်ကို လက်ခံသော အမိန့်၊

(၂) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (င) အရ အနုညာတခုံရုံးက ၎င်း၌ စီရင်ပိုင်ခွင့် ရှိကြောင်း သို့မဟုတ် စီရင်ပိုင်ခွင့်မရှိကြောင်း ချမှတ်သည့်အမိန့် ၊

(၃) ပုဒ်မ ၁၉၊ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်း တစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့် ပြုသော အမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သော အမိန့်။

၄၃။ (က) အငြင်းပွားသူတစ်ဦးဦးသည် အနုညာတခုံရုံးနှင့် တစ်ဘက် အငြင်းပွားသူများထံ အကြောင်းကြားစာ ပေးပို့လျက် အနုညာတစစ်ဆေး စီရင်မှုတွင် အနုညာတခုံရုံးက ချမှတ်သော ဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာသည့် ဥပဒေပြဿနာအပေါ် အငြင်းပွားသူတစ်ဦးဦးက အနုညာတခုံရုံးသို့ အယူခံ ဝင်ရောက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အနုညာတဆုံးဖြတ်ချက်အပေါ် အယူခံဝင် ရောက်ခွင့်ရှိသည်။ သို့ရာတွင် အငြင်းပွား သူများက အယူခံ ဝင်ရောက်ခြင်းမပြုရန် စာဖြင့် ရေးသား

ထားသော သဘောတူညီချက်ရှိပါက ဤပုဒ်မ အရ တရားရုံးသို့ အယူခံ ဝင်ရောက်ခွင့်မရှိစေရ။

(ဂ) အနုညာတ ဆုံးဖြတ်ချက်တွင် ကျိုးကြောင်း ဖော်ပြချက် ရေးသားရန် မလိုကြောင်း အငြင်းပွားသူများက စာဖြင့်ရေးသား သဘောတူပါက ထိုသို့သော အကြောင်းကြောင့် ဤပုဒ်မအရ အယူခံ ဝင်ခွင့် မရှိစေရ။

(ဃ) ဤပုဒ်မအရ အနုညာတစစ်ဆေးစီရင်မှုတွင် ပါဝင်သော တစ်ဘက် အငြင်းပွားသူ၏ သဘောတူညီချက် သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်မှ တစ်ပါး အယူခံ ဝင်ရောက်ခွင့် မရှိစေရ။

(င) ဤပုဒ်မအရ အယူခံဝင်ရောက်ခြင်းသည် ပုဒ်မ ၄၄ ပါ အချက်များနှင့် စပ်လျဉ်းသည့် အကျိုးသက် ရောက်မှုရှိစေရမည်။

(စ) ဤပုဒ်မအရ အယူခံဝင်ခွင့် လျှောက်ထားရာတွင် အယူခံလွှာ၌ ဆုံးဖြတ်ရမည့် အငြင်းပွားပြဿနာနှင့် အယူခံတက်ရောက်ခွင့်ကို ခွင့်ပြုရန်အတွက် အကြောင်းပြချက် အားလုံးကို ဖော်ပြရမည်။

ပြည်တွင်း အနုညာတဆုံးဖြတ်ချက်အပေါ် အယူခံ တရားရုံးအမိန့်၏ အကျိုးသက်ရောက်မှု

၄၄။ အယူခံတရားရုံးသည် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အနုညာတ ဆုံးဖြတ်ချက် နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရာတွင် -

(က) အနုညာတဆုံးဖြတ်ချက်ကို ပြင်ဆင်၍ ဆုံးဖြတ်ပါက အဆိုပါ ပြင်ဆင်ဆုံးဖြတ်ချက်သည် အနုညာတ ဆုံးဖြတ်ချက်၏ အစိတ်အပိုင်းအဖြစ် အကျိုး သက်ရောက်စေရမည်။

(ခ) အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်လုံးကို ဖြစ်စေ၊ ဆုံးဖြတ်ချက် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည် စိစစ် သုံးသပ်ရန်အတွက် တရားရုံးက လွှဲအပ်သော အမိန့်ချမှတ်သည့်အခါ အနုညာတခုံရုံးသည် အဆိုပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို ပြန်လည် စိစစ် သုံးသပ်၍ ဆုံးဖြတ်ရမည်။

(ဂ) အနုညာတခုံရုံးက ထိုသို့ ပြန်လည်စိစစ် ဆုံးဖြတ်ချက် ကို ချမှတ်ရန် သင့်လျော်သည့် အချိန်ကာလကို သတ်မှတ်ပေးနိုင်သည်

တင်ပြပါ ပြင်ဆင်ချက်များအပေါ် လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ** ။ ။ ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၄၂(က)(၁)(၂)(ခ)(၁)မှ(၄)အထိ၊ (ဂ)(၁)မှ(၄)အထိ၊ (ဃ)(၁)မှ(၃) အထိ၊ အပိုဒ်၄၃(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၄၄ အစုခေါင်းစဉ်၊ အပိုဒ် ၄၄ (က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၄၂ (က)(၁)(၂)(ခ)(၁)မှ(၄)အထိ၊ (ဂ)(၁)မှ(၄)အထိ၊ (ဃ)(၁)မှ(၃) အထိ၊ အပိုဒ်၄၃(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၄၄ အစုခေါင်းစဉ်၊ အပိုဒ် ၄၄ (က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြု ဆောင်ရွက်ခြင်း

(နယူးယောက်ကွန်ဗင်းရှင်းပါ အနုညာတဆုံးဖြတ်ချက်များ)

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြု ဆောင်ရွက်ရာတွင် တင်ပြရမည့် အချက်များ

၄၅။ (က) နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်တစ်ရပ်ကို အသိအမှတ်ပြုရန် သို့မဟုတ် အတည်ပြုပေးရန် လျှောက်ထားသူသည် အောက်ပါ စာတမ်းအမှတ်သား များကို တရားရုံးသို့ တင်ပြရမည် -

(၁) ဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားသော နည်းလမ်းအတိုင်း စစ်မှန်ကြောင်း နည်းလမ်းတကျ လက်မှတ်ရေးထိုး ထားသည့် အနုညာတဆုံးဖြတ်ချက် မူရင်း သို့မဟုတ် ဆုံးဖြတ်ချက်တာဝန်ခံ မိတ္တူ တစ်စောင်၊

(ခ) ပုဒ်မခွဲ (က) အရ တင်ပြရမည့် အနုညာတ ဆုံးဖြတ်ချက် သို့မဟုတ် အနုညာတ သဘောတူညီ ချက်ကို နိုင်ငံခြားဘာသာဖြင့် ရေးသားထားလျှင် အနုညာတ ဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားသူသည် ၎င်းနှင့်သက်ဆိုင်သော နိုင်ငံ၏ သံအရာရှိ သို့မဟုတ် ကောင်စစ်အရာရှိ သို့မဟုတ် တရားဝင် ဘာသာပြန်ဆိုသူ သို့မဟုတ် ကျမ်းသစ္စာ ပြု၍ ဘာသာပြန်ဆိုသူက မှန်ကန်ကြောင်း တာဝန်ခံ လက်မှတ်ရေးထိုးထားသော အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်ကို တင်ပြရမည်

သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ လိုအပ်သော အချက်များနှင့် ပြည့်စုံ မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသည့် အင်္ဂလိပ် ဘာသာပြန်ဆိုချက်ကို တင်ပြ ရမည်။

နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြု ဆောင်ရွက်ခြင်း

၄၆။ (က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ အချက်များအရ နိုင်ငံခြား အနုညာတ ဆုံးဖြတ်ချက်ကို အသိအမှတ်ပြုပေးရန်နှင့် အတည်ပြုပေးရန် ငြင်းပယ်ခြင်းမှ တစ်ပါး တရားရုံးသည် နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီဖြစ်သည်ဟု မှတ်ယူ၍ အတည်ပြု ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အသိအမှတ်ပြုရန် သို့မဟုတ် အတည်ပြုပေးရန် လျှောက်ထားခြင်းခံရသူက အောက်ပါအချက် တစ်ရပ်ရပ်ကို သက်သေပြနိုင်လျှင် တရားရုံးသည် နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်ကို အသိအမှတ် ပြုပေးရန် အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည်-

(၁) အနုညာတ သဘောတူညီချက်တွင် ပါဝင်သူတို့သည် ၎င်းတို့ လိုက်နာရမည့် ဥပဒေအရ ဆောင်ရွက်နိုင်စွမ်းမရှိသော အခြေအနေသို့ ရောက်ရှိနေခြင်း၊

(၂) အနုညာတသဘောတူညီချက်သည် ၎င်းတို့လိုက်နာရမည့် ဥပဒေအရ တရားမဝင်ခြင်း သို့မဟုတ် အဆိုပါ သဘောတူညီချက်တွင် ၎င်းတို့ လိုက်နာရ မည့် ဥပဒေကို သတ်မှတ်ဖော်ပြထားခြင်း မရှိသည့်အတွက် အနုညာတ ဆုံးဖြတ်ချက် ချမှတ်ရာ နိုင်ငံ၏ ဥပဒေအရ တရားမဝင်ခြင်း၊

(၃) အနုညာတခုံရုံး ဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတ စစ်ဆေးစီရင်သည့် လုပ်ထုံးလုပ်နည်းသည် အငြင်းပွားသူတို့၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ထိုသဘောတူညီချက်တွင် အဆိုပါအချက်များနှင့် စပ်လျဉ်း၍ မည်သို့မျှ ဖော်ပြထားခြင်းမရှိပါက အနုညာတစီရင်ဆုံးဖြတ်ရာ နိုင်ငံ၏ ဥပဒေ နှင့် ကိုက်ညီမှု မရှိခြင်း၊

(၄) အနုညာတ ဆုံးဖြတ်ချက်သည် လျှောက်ထားသူများအပေါ် စည်းနှောင်မှု မရှိသေးခြင်း၊ အနုညာတ ဆုံးဖြတ်ချက်ချမှတ်ရာ နိုင်ငံ၏ အခွင့်ရအာဏာပိုင်က အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း၊

(ဂ) (၁) အငြင်းပွားသည့် အကြောင်းခြင်းရာသည် နိုင်ငံတော်၏ ဥပဒေအရ အနုညာတ စီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခွင့်မရှိခြင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် ဆန့်ကျင်ခြင်း၊

(ဃ) အနုညာတ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၅) တွင် ရည်ညွှန်းသော အခွင့်ရအာဏာပိုင်ထံ လျှောက်ထားဆဲဖြစ်ကြောင်း တင်ပြလျှင် တရားရုံးသည် သင့်လျော်သည်ဟု ယူဆပါက အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုရန် အမိန့်ချမှတ်ခြင်းကို ရွှေ့ဆိုင်းနိုင်သည်။ ထို့အပြင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်အရ တစ်ဖက်အငြင်းပွားသူအား သင့်လျော်သည့် အာမခံငွေကို တင်သွင်းစေရန် အမိန့် ချမှတ်နိုင်သည်။

အယူခံဝင်ခွင့်

၄၇။ အငြင်းပွားသူတစ်ဦးဦးသည် -

(က) စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ချမှတ်သည့် အောက်ဖော်ပြပါ အမိန့်များအပေါ် အယူခံဝင်ခွင့်ရှိသည် -

(၁) ပုဒ်မ ၁၀ အရ အနုညာတဆုံးဖြတ်ချက် ခံယူစေရန် လွှဲအပ်ခြင်းကို ငြင်းပယ်သော အမိန့်၊

(၂) ပုဒ်မ ၁၁ ပါ အမိန့်တစ်ရပ်ရပ်၊

(၃) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်အား ပယ်ဖျက်သော အမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ်သော အမိန့်။

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၅ အစုခေါင်းစဉ်၊ အပိုဒ် ၄၅(က)(၁)(ခ)၊ အပိုဒ် ၄၆ အစုခေါင်းစဉ်၊ အပိုဒ် ၄၆ (က)(ခ)(၁)(၂)(၅)(၆)၊ အပိုဒ် ၄၆(ဂ)(၁)(၂)(ဃ)၊ အပိုဒ် ၄၇ ခြေဆင်း၊ အပိုဒ် ၄၇ (က)(၁)(၂)(၃) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၅ အစုခေါင်းစဉ်၊ အပိုဒ် ၄၅(က)(၁)(ခ)၊ အပိုဒ် ၄၆ အစုခေါင်းစဉ်၊ အပိုဒ် ၄၆ (က)(ခ)(၁)(၂)(၅)(၆)၊

အပိုဒ် ၄၆(ဂ)(၁)(၂)(ဃ)၊ အပိုဒ် ၄၇ ခြေဆင်း၊ အပိုဒ် ၄၇ (က)(၁)(၂)(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၂)

အထွေထွေ

၅၀။ (က) နယူးယောက် ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ အနုညာတ ဆုံးဖြတ်ချက်ကို အတည်ပြု ဆောင်ရွက်ရန်အလို့ငှာ အနုညာတ သဘောတူညီချက် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်သည် စစ်မှန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးစေရန် သို့မဟုတ် တာဝန်ခံ မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံရန်အတွက် ပြည်ထောင်စု တရားသူကြီးချုပ်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံးမှ အရာရှိ တစ်ဦးဦး ကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခုမှ တာဝန်ရှိသူ တစ်ဦးဦး ကို ဖြစ်စေ အမိန့်ကြော်ငြာစာဖြင့် ခန့်ထားနိုင်သည်။

၅၂။ (က) အနုညာတခုံရုံးသည် အနုညာတခုံရုံးသို့တင်သွင်းသော တောင်းဆိုမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (စ) တွင် ရည်ညွှန်းထားသော ကုန်ကျစရိတ်များအတွက် ထိုက်သင့်သည်ဟု မှန်းဆသော ငွေကို ကြိုတင်ပေးသွင်းစေရန် အာမခံငွေ သို့မဟုတ် အပိုဆောင်း အာမခံငွေ ပမာဏကို သတ်မှတ်နိုင်သည်။ သို့ရာတွင် တောင်းဆိုမှု အပြင် အပြန်အလှန် တောင်းဆိုမှုကို အနုညာတခုံရုံးသို့ တင်သွင်း တောင်းဆိုထားလျှင် ထိုသို့ တောင်းဆိုမှုနှင့် အပြန်အလှန် တောင်းဆိုမှုအတွက် သီးခြားအာမခံငွေများကို ပေးသွင်း စေရန် သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အာမခံငွေ အတွက် အငြင်းပွားသူများက အညီအမျှ ပေးဆောင်ရမည်။ သို့ရာတွင် အငြင်းပွားသူ တစ်ဦးက အာမခံငွေ အတွက် ၎င်းပေးဆောင်ရမည့် အချိုးကျ ငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက တစ်ဖက် အငြင်းပွားသူက ထိုငွေကို ပေးဆောင်နိုင်သည်။ ထို့အပြင် တစ်ဖက် အငြင်းပွားသူ ကလည်း တောင်းဆိုမှု သို့မဟုတ် အပြန်အလှန် တောင်းဆိုမှုအတွက် အထက်ဖော်ပြပါ အချိုးကျငွေကို ပေးဆောင်ခြင်း မရှိပါက အနုညာတ ခုံရုံးသည် ထိုတောင်းဆိုမှု သို့မဟုတ် အပြန်အလှန် တောင်းဆိုမှုနှင့် စပ်လျဉ်းသော အနုညာတ စီရင် ဆုံးဖြတ်မှုကို ဆိုင်းငံ့ထား နိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်မှုကို ရပ်စဲလျှင် အနုညာတ ခုံရုံးသည် လက်ခံရရှိသော အာမခံငွေနှင့် ပတ်သက်သည့် စာရင်းရှင်းလင်းချက်ကို အငြင်းပွားသူများထံ ပေးပို့

ရမည့်အပြင် ခုံရုံးကုန်ကျစရိတ် နုတ်ပြီး မသုံးစွဲရသေးသော လက်ကျန်ငွေကို ပြန်အမ်း ရမည်။

၅၃။ (က) အနုညာတခုံရုံးသည် အနုညာတ စစ်ဆေးစီရင်ခြင်း အတွက် မရရှိသေးသော စရိတ်များအတွက် ရထိုက်ခွင့် ရှိစေရမည်။

(ခ) အနုညာတခုံရုံးသို့ ပေးရန်ရှိသည့် စရိတ်ကို အငြင်းပွားသူ တစ်ဦးဦးက ပေးရန် ငြင်းဆိုသဖြင့် အနုညာတခုံရုံးက အနုညာတ ဆုံးဖြတ်ချက် ချမှတ်ပေးခြင်း မပြုသည့် အတွက် တစ်ဘက်အငြင်း ပွားသူတစ်ဦးက တရားရုံးသို့ လျှောက်ထားရာတွင် တရားရုံးသည် လိုအပ်သလို စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီး သင့်လျော်သည်ဟု ယူဆသော စရိတ်ငွေကိုအနုညာတခုံရုံးသို့ ပေးရန် တာဝန်ရှိသူက ပေးသွင်းစေရန်နှင့် အနုညာတ ခုံရုံးက အနုညာတ ဆုံးဖြတ်ချက်ကို ချမှတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

( ဂ ) တောင်းဆိုသော ကုန်ကျစရိတ်ငွေနှင့်စပ်လျဉ်း၍ အငြင်းပွားသူနှင့် အနုညာတ ခုံရုံးအကြား စာဖြင့် ရေးသားထားသည့် သဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ(ခ) အရ လျှောက်ထားမှုကို အငြင်းပွားသူ တစ်ဦးဦးက ပြုလုပ်နိုင် သည်။

(ဃ) အနုညာတစီ ရင်ဆုံးဖြတ်မှုအတွက် ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ ပြဿနာ ပေါ်ပေါက်လျှင် သို့မဟုတ် လုံလောက်သော ဖော်ပြချက်မပါရှိလျှင် အဆိုပါ ကုန်ကျစရိတ် နှင့်စပ်လျဉ်း၍ တရားရုံးကသင့်သည် ထင်မြင်သော အမိန့်ကို ချမှတ်နိုင် သည်။

**ဉတ္တမ္ဗ**။ ။ သင့်သည်ဟုပေါ့။ သင့်သည်ဟုထင်မြင်သော။

**ဒေါက်တာမြတ်ဉာဏစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ သင့်သည်ဟု ထင်မြင်သော အမိန့်ကို ချမှတ်နိုင်သည်။

၅၄။ (က) အနုညာတသဘောတူညီချက်တွင် ပါဝင်သော အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ခြင်းကြောင့် ထိုသူနှင့် ပတ်သက်၍သော်လည်းကောင်း၊ အခြားအငြင်းပွားသူ တစ်ဦးနှင့် ပတ်သက်၍သော်လည်းကောင်း အနုညာတသဘောတူညီချက်သည် ရပ်စဲခြင်း မရှိစေရ။ သို့ရာတွင် အငြင်းပွားသူတစ်ဦးဦး ကွယ်လွန်ပါက ကွယ်လွန်သူ၏ တရားဝင် ကိုယ်စားလှယ်ကဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် အပေါ်ဖြစ်စေ အနုညာတ သဘော တူညီချက်ကို အတည်ပြု ဆောင်ရွက်ခွင့်ရှိစေရမည်။

၅၅။ ဤဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်ဖြစ်စေ မည်သို့ပင် ပြဋ္ဌာန်းထားရှိစေကာမူ အနုညာတ သဘောတူညီချက်တစ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးတစ်ရုံးသို့ ဤဥပဒေအရ လျှောက်ထားပြီးဖြစ်လျှင် ထိုတရားရုံးကသာလျှင် အနုညာတစီရင်ဆုံးဖြတ်မှုအပေါ် စီရင်ပိုင်ခွင့် ရှိစေရမည်။ အနုညာတ သဘောတူညီချက်နှင့် အနုညာတစီရင် ဆုံးဖြတ်မှုတို့မှ ပေါ်ပေါက်လာသော

နောက်ဆက်တွဲ လျှောက်ထားမှုများကို ထိုတရားရုံး၌သာလျှင် လျှောက်ထားရမည်။ အခြားမည်သည့် တရားရုံး တွင်မျှ လျှောက်ထားခွင့် မရှိစေရ။

၅၆။ ကာလစည်းကမ်းသတ် အက်ဥပဒေတွင် ၁၉၄၄ ခုနှစ်၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေကို ရည်ညွှန်းထားသော အပိုဒ်များသည် ဤအက်ဥပဒေကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

၅၈။ (က) အငြင်းပွားသူများက အနုညာတ သဘောတူညီချက်တွင် ဖြစ်စေ၊ အခြား စာတမ်း အမှတ်အသားများတွင် ဖြစ်စေ အခြားနည်းသဘောတူထားခြင်း မရှိလျှင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့ မတိုင်မီက စတင်ဆောင်ရွက်ခဲ့သော အနုညာတသဘောတူညီချက်အရ ဆောင်ရွက်နေသည့် အနုညာတစစ်ဆေးစီရင်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ တင်ပြပါပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ဒီ ပြင်ဆင်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၀(က)၊ အပိုဒ် ၅၂ (က)(ခ)(ဂ)၊ အပိုဒ် ၅၃ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅၄(က)၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၅၀(က)၊ အပိုဒ် ၅၂ (က)(ခ)(ဂ)၊ အပိုဒ် ၅၃ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅၄(က)၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၈(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၄။**

**ဒေါက်တာမြတ်ဉာဏစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်များကို တင်ပြပါမယ် ခင်ဗျား။

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁(ဃ)(င)၊

အခန်း(၃)၊ အပိုဒ် ၇(ဂ)(၂) ရှင်းလင်းချက်၊

အခန်း(၆)၊ အပိုဒ် ၂၈(ဃ)ရှင်းလင်းချက်၊

အခန်း(၈)၊ အပိုဒ် ၃၇(င)၊

အခန်း (၁၀)၊ အပိုဒ် ၄၄ အစုခေါင်းစဉ်၊ အပိုဒ် ၄၇ အစုခေါင်းစဉ်၊ အပိုဒ် ၄၇(ဂ)၊ အပိုဒ် ၄၈ အစု ခေါင်းစဉ်၊ အပိုဒ် ၄၉ အစုခေါင်းစဉ်၊ အပိုဒ် ၄၉(ခ)

အခန်း(၁၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၆ အစုခေါင်းစဉ်၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ အစု ခေါင်းစဉ်၊ အပိုဒ် ၅၉ အစုခေါင်းစဉ် တို့ကို ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ ဒီ ပယ်ဖျက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**ဒေါက်တာမြတ်ဉာဏစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်များကို ဆက်လက်တင်ပြပါမယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အမှတ်စဉ်ပြောင်းလဲထားသည့်

အခန်း(၁)၊ အပိုဒ် ၃(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(၂)(၄)ရှင်းလင်းချက် (၁)(၂)(၃)၊

အခန်း(၃)၊ အပိုဒ် ၅(ခ)၊ အပိုဒ် ၆(က)(၁)(၂)(၃)(၄)၊ အပိုဒ် ၇၊ အပိုဒ် ၈၊

အခန်း(၄)၊ အပိုဒ် ၉(က)(ခ)(၁)(၂)၊ အပိုဒ် ၁၀(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၁၁(က)(၁)မှ (၈)အထိ၊ အပိုဒ် ၁၁(ခ)(ဂ)(င)(စ)၊

အခန်း(၅)၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၃(ဇ) ရှင်းလင်းချက်၊ အပိုဒ် ၁၄(ဂ)ခြေဆင်း၊ အပိုဒ် ၁၄(ဂ)(၂)(ဃ)၊ အပိုဒ် ၁၅(ဂ)(ဃ)(စ)၊ အပိုဒ် ၁၆(က)(၁)(၂)၊ အပိုဒ် ၁၇(ခ)(ဂ)

အခန်း(၆)၊ အပိုဒ် ၁၈(က)(၁)(၂)(ခ)(စ)၊အပိုဒ် ၁၉(က)(၁)မှ(၈) အထိ၊ အပိုဒ် ၁၉(ခ)(ဃ)(၂)၊

အခန်း(၇)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ)(ဂ)၊ အပိုဒ် ၂၅(က)(ဃ)၊ အပိုဒ် ၂၆(က)(ဂ)၊ အပိုဒ် ၂၇(ခ)၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉(က)၊ အပိုဒ် ၃၀(ခ)(၂)(၃)(ဂ)(ဃ)၊

အခန်း(၈)၊ အပိုဒ် ၃၂(က)(၂)(ဂဂ)၊ အပိုဒ် ၃၄(က)၊ အပိုဒ် ၃၅(ဂ)၊ အပိုဒ် ၃၅(စ)(၁) ရှင်းလင်းချက်၊ အပိုဒ် ၃၆(က)(ခ) (၂)(၃)၊ အပိုဒ် ၃၇(က)(ဂ)(င)(စ)(ဇ)၊

အခန်း(၉)၊ အပိုဒ် ၃၉(ဃ)၊ အပိုဒ် ၄၀(က)၊ အပိုဒ် ၄၁(က)(၃)၊

အခန်း(၁၀)၊ အပိုဒ် ၄၂(ဃ)ခြွင်းချက်၊ အပိုဒ် ၄၂(ဃ)(င)၊ အပိုဒ် ၄၃(ဆ)၊

အခန်း(၁၁)၊ အပိုဒ် ၄၅(က)(၂)(၃)၊ အပိုဒ် ၄၆(ခ)(၃)(၄)(ဂ)၊ အပိုဒ် ၄၇(ခ)၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊

အခန်း(၁၂)၊ အပိုဒ် ၅၀(ခ)(၁)(၂)၊ အပိုဒ် ၅၁၊ အပိုဒ် ၅၄(ခ)၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈(ခ)၊ အပိုဒ် ၅၉ တို့ကို ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ကို လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ ယခု တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးအဆိုများကို လက်ခံဆွေးနွေးရန် သင့်/မသင့် ဆောင်ရွက်ရန်ရှိတဲ့အတွက် ကျန်ရှိတဲ့လွှတ်တော်အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ပါတယ်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) နဲ့ ဦးကြည်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ အဆိုနှစ်ခုဟာ အကြောင်းအရာတူတဲ့ အတွက် တစ်ပေါင်းတည်းဆောင်ရွက်ပါမယ်။ ဦးကြည်ထွန်း နဲ့ ဒေါက်တာဝင်းမြင့်အောင် သဘောတူပါသလား။

ကောင်းပါပြီ။ နောက်ပြီး ဒီအဆိုများကို ထောက်ခံတဲ့သူလည်း အသီးသီးရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ လက်ခံစဉ်းစားရန် သင့်/မသင့် မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ သုံးပုံတစ်ပုံက ထောက်ခံရင် လက်ခံဆွေးနွေးဖို့ အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းအရေအတွက်ရဲ့ သုံးပုံတစ်ပုံဟာ ရှိရင်း (၂၁၅)ဦးဖြစ်တဲ့အတွက် (၇၂)ဦးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအရေးကြီးအဆိုနှစ်ရပ်ကို တစ်ပေါင်းတည်း လွှတ်တော်မှာ လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မတ်တတ်ရပ်ပြပါ။ ကန့်ကွက်သူ တစ်ယောက်ပဲရှိတယ်။ ဦးဖုန်းမြင့်အောင် တစ်ယောက်။

ထောက်ခံတဲ့ ဦးရေဟာ လွှတ်တော်ကိုယ်စားလှယ် (၇၂)ဦးထက်ကျော်လွန်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး တင်သွင်းတဲ့ အရေးကြီးအဆိုများကို လက်ခံဆွေးနွေးရန် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဒီအရေးကြီးအဆိုများကို မနက်ဖြန်မနက် လွှတ်တော်စတင်တဲ့အချိန်မှာ ဆွေးနွေးဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဒါကို အချိန်ကိုငဲ့ကွက်တဲ့အနေနဲ့ သဘောမတူတဲ့ ပုဂ္ဂိုလ်များကသာ ဆွေးနွေးလို့ရှိရင်တော့ အမြန်ပြီးပြတ်သွားမယ့် အနေအထားမှာ ရှိပါတယ်။ သို့သော် ကျန်တဲ့ ဆွေးနွေးချင်တဲ့ပုဂ္ဂိုလ်ရှိရင်လည်း မိမိတို့ဆန္ဒအလျောက် ဆောင်ရွက်နိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၇၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၇၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၅) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့ကို ၁၂း၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]